# မြို့ပြပြောက်ကျားလက်စွဲ အကျဉ်းချုပ်

ရဲဘော်တာကောဒီ

## Minimanual of the Urban Guerrilla

Carlos Marighella

**Minimanual of the Urban Guerrilla**

မြို့ပြပြောက်ကျားလက်စွဲအကျဉ်းချုပ်

---

အမှာ

အလွန်အရေးကြီးသောကာလတွင် ဤစာအုပ်ကို အလွန်လျှင်မြန်စွာ ပြုစုရပါသည်။ ဘရာဇီးတော်လှန်ရေးသမား ကားလို့စ်မာရီဂယ်လာ Carlos Marighella ရေးသားသည့် Minimanual of the Urban Guerrilla ကိုမှီငြမ်းရေးသားပါသည်။

မူရင်းစာအုပ်သည် လက်စွဲစာအုပ်ဟု အမည်ပေးထားသောကြောင့် ယခုစာအုပ်ကိုလည်း မြို့ပြပြောက်ကျားလက်စွဲဟုသာ အမည်ပေးထားပါသည်။ သို့သော် ကျွန်ုပ်တို့ တိုင်းရင်းသား လူမျိုးပေါင်းစုံ ပါဝင်သောဗမာ့တော်လှန်ရေး သမားများ အတွက်မှာ ဤစာအုပ်ကို လက်နက်ကိုင် တော်လှန်ရေး လက်စွဲစာအုပ်ဟု မမှတ်ယူသင့် သေးပါ။ အဘယ်ကြောင့်ဆိုသော် ဗမာ့အခြေအနေ နှင့် ဆီလျော်အောင် ထပ်မံပြုပြင်မွမ်းမံမှုများ ဖြည့်စွက်မှုများ လိုအပ်ဦးမည်ဟု ထင်သောကြောင့် ပင်။ မြို့ပြပြောက်ကျား မိတ်ဆက်စာအုပ်ဟုသာ လောလောဆယ် မှတ်ယူစေလိုပါသည်။

အချို့ကို ဗမာနှင့်လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရေးသားချက်များပြုလုပ်ခဲ့ပါသည်။ ဥပမာ မူရင်းစာအုပ်တွင် စစ်အာဏာရှင်နှင့် ပြည်ပနယ်ချဲ့အရင်းရှင်များကို ဦးတည်တိုက်ခိုက်ရမည် ဆိုသည့်နေရာတွင် စစ်အာဏာရှင်၊ စစ်အုပ်စုနှင့် သွေးစုပ်သူ ခရိုနီများကို ဦးတည်တိုက်ခိုက် ရမည်ဟု ပြင်ဆင်ရေးသားတာမျိုးဖြစ်ပါသည်။ သို့သော်လက်စွဲ စာအုပ်တအုပ်အဖြစ် အသုံးပြုဖို့ ဆိုလျှင် ထိုမျှနှင့် မလုံလောက်သေးပါ။ ထို့ထက်ပို၍မွမ်းမံသင့်ပါသည်။ ခေတ်နှင့်ညီအောင် ပြုပြင်သင့်ပါသည်။ သို့သော် အခြေအနေ၏ တောင်းဆိုချက်ကြောင့် ထိုမျှလောက် အချိန် မယူနိုင်ဘဲ ရဲဘော်များလက်ထဲသို့ အမြန်ပို့ဆောင်ပေးလိုက်ပါသည်။

မည်သို့ဆိုစေ တစုံတရာအကျိုးပြုလိမ့်မည်ဟုကား မျှော်လင့်မိပါသည်။

ရဲဘော်တာကောဒီ
မတ်လ ၅ ရက် ၂၀၂၁ စတင်
မတ်လ ၁၃ ရက် ၂၀၂၁ ပြီးဆုံး။

## A DEFINITION OF THE URBAN GUERRILLA

### မြို့ပြပြောက်ကျားဆိုသည်မှာ

ပြောက်ကျားဆိုသည်မှာ သမားရိုးကျမဟုတ်သော စစ်ရေးနည်းဖြစ်သည်။ မြို့ပြပြောက်ကျား ဆိုသည်မှာ စစ်အာဏာရှင်များကို တိုက်ခိုက်ရာတွင် မြို့ပြအခြေပြုကာ ပြောက်ကျားစစ် ဆင်နွှဲကြသူများကို ဆိုလိုသည်။ ပြောက်ကျားစစ်ဆိုသည်မှာ လူထုကို အခြေခံဆင်နွှဲသော စစ်ဖြစ်သည်။

ရန်သူက မိမိထက်လက်နက်အင်အားသာလွန်ပြီး၊ မိမိက ရန်သူထက် လူထုထောက်ခံမှု အင်အားသာလွန်သောအခြေအနေတွင် ပြောက်ကျားစစ်နည်းလမ်းကို အသုံးပြုလေ့ရှိသည်။ ရန်သူက မိမိထက် လက်နက်အင်အားသာလွန်ခြင်း ဟူသောအချက်နှင့် မိမိတို့သည် လူထု ထောက်ခံမှုရှိသော လူထု၏ နိုင်ငံရေးအလိုဆန္ဒမှ ပေါက်ဖွားလာသော တော်လှန်ရေးသမားများ ဖြစ်သည်ဟူသောအချက်ကပင် ပြောက်ကျားစစ်ပေါ်ထွက်လာရန် ပြဋ္ဌာန်းပေးခြင်းဖြစ်သည်။

ပြောက်ကျားစစ်ကို မြို့ပြအခြေခံဆင်နွှဲမလား၊ ကျေးလက်အခြေခံဆင်နွှဲမလားဆိုသည်မှာ နိုင်ငံ၏လက္ခဏာ၊ တော်လှန်ရေး၏လက္ခဏာ၊ ဦးဆောင်နိုင်ငံရေးပါတီ၏ နိုင်ငံရေးဆုံးဖြတ်ချက် များ အပေါ်တွင်မူတည်သည်။ မြို့ပြပြောက်ကျား၊ ကျေးလက်အခြေခံပြောက်ကျားတွင် ဘယ်က ပိုကောင်းသည် ဟူ၍မရှိ။ အခြေအနေနှင့် သင့်တော်ဆီလျော်သလို ကျင့်သုံးရသည်သာဖြစ်သည်။ အခြေအနေက တောင်းဆိုလျှင် ပေါင်းစပ်၍ အသုံးပြုမည်ဆိုလျှင်လည်း မရကောင်းစရာမရှိပေ။ ပေါင်းစပ်၍ အသုံးပြုခဲ့ဖူးသော အစဉ်အလာများစွာလည်းရှိပေသည်။ ဤအချက်ကို ဤနေရာတွင် အကျယ်မဆွေးနွေးပါ။

ဤစာတမ်းငယ်သည် မြို့ပြပြောက်ကျားလက်စွဲအကျဉ်းချုပ်ဟူသော အမည်နှင့်အညီ မြို့ပြပြောက်ကျား နည်းလမ်း အတွက်သာ ဖြစ်သည့်အပြင် အကျဉ်းချုပ်ရေးသားထားသော စာအုပ်သာဖြစ်ကြောင်းကို သတိပြုစေလိုပါသည်။

ရန်သူကလက်နက်ကိုင်ဖိနှိပ်လာသောအခါ လက်နက်ကိုင်တော်လှန်ရေးသည် ရှောင်လွှဲ၍ မရသော နည်းလမ်း ဖြစ်လာသည်။ "သီဟတင်စိုးလို အမြဲတန်းတော်လှန်ရေး လုပ်နေဦးမှာလား။" "တော်လှန်ရေးဆိုတာ ခေတ်မမီတော့ဘူး။" "လက်နက်ကိုင် တော်လှန်ရေးဆိုတာ အကြမ်းဖက်တဲ့နည်းမို့ ရှုံ့မုန်းစရာဖြစ်တယ်။" "အကြမ်းဖက်တုံ့ပြန်လိုက်ရင် ရန်သူဆင်တဲ့

အကွက်ထဲ ရောက်သွားမှာပေါ့။” ဆိုသော စကားများအားလုံးသည် ယနေ့ခေတ်အခေါ် အားလုံးဂျင်းသာတည်း။ ဗမာ့နွေဦးတော်လှန်ရေးကြီးမစမီကဆိုလျှင် ထိုဂျင်းများကို အာပေါက်လောက်အောင် ရှင်းပြတိုက်ဖျက်သော်လည်း နားမဝင်သူအများအပြားရှိခဲ့ကြသည်။ တော်လှန်ရေးကြီး ပေါ်ပေါက်လာသောအခါ ထိုဂျင်းများအားလုံးကို တော်လှန်ရေးက ချေနင်းဖျက်ဆီးပစ်လိုက် ကြသည်။ လက်နက်ကိုင်တော်လှန်ရေးလိုအပ်သည်ဟူသောအချက်ကို မည်သူမျှမဟောပြောဘဲနှင့် လူထုက တော်လှန်ရေးအတွင်းတွင် သင်ယူနားလည်လာကြသည်။

တော်လှန်ရေးသမားတို့မည်သည် ဝေါဟာရ၊ အတင်းအဖျင်းနှင့် ရန်သူ့ဆိုက်ဝါးများကို မတုန်လှုပ်ကြ။ သင်တို့ကို ရန်သူက အကြမ်းဖက်သမားဟု ခေါ်ဆိုသမုတ်ချင်သမုတ်လိမ့်မည်။ ထို့အတွက် တုန်လှုပ်စရာမလို။ ရန်သူက ထိုသို့သမုတ်ခြင်းမှာ သင်တို့၏ တော်လှန်ရေးကို အသိအမှတ်ပြု ကြောက်ရွံ့လာခြင်းမျှသာဖြစ်သည်။ အကြမ်းနည်းသုံး၍ လက်နက်ကိုင် တိုက်ခိုက်တာခြင်းတူသော်လည်း အကြမ်းဖက်သမားနှင့် တော်လှန်ရေးသမားဟူသည်မှာ အနှစ်သာရအားဖြင့် ဆီနှင့်ရေလိုကွာသည်။ အကြမ်းဖက်သမားသည် အပြစ်မဲ့အများပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ကို တိုက်ခိုက်သူဖြစ်ကာ တော်လှန်ရေးသမားဟူသည်မှာကား အများပြည်သူ၏ အကျိုးစီးပွားအလို့ငှာ ဖိနှိပ်သူလက်နက်ကိုင် အစိုးရကိုသာ လက်နက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်သူဖြစ်သည်။ အကယ်စင်စစ် စစ်အာဏာရှင်များသည်သာ အကြမ်းဖက်သမား စစ်စစ် ဖြစ်ကြောင်းကိုလည်း ပြည်သူက မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြပေပြီ။

မြို့ပြပြောက်ကျားသည် တိကျသောနိုင်ငံရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် တိကျသော နိုင်ငံရေးလုပ်ငန်းစဉ်နှင့်အညီ တိုက်ပွဲဝင်သူများဖြစ်သည်။ ခိုင်ခန့်တည်ကြည်သော တော်လှန်ရေးသဘောတရားကို ကိုင်စွဲထားကြသူများလည်း ဖြစ်ကြသည်။

တော်လှန်ရေးသဘောတရားတရပ်မရှိဘဲ တော်လှန်ရေးလှုပ်ရှားမှုတရပ်မရှိနိုင်ချေ။

ယနေ့ခေတ်မြို့ပြပြောက်ကျားများ၏ အဓိကပစ်မှတ်မှာ စစ်အုပ်စုဖြစ်သည်။ စစ်အစိုးရ၊ စစ်အုပ်စု၊ စစ်အုပ်စုစီးပွားရေးများကို ဦးတည်တိုက်ခိုက်သွားရမည်။ စစ်တပ်နှင့်ပူးပေါင်းကာ ပြည်သူ့သယံဇာတနှင့် လုပ်ပိုင်ခွင့်များအပေါ် အမြတ်ထုတ်ထားသော ခရိုနီများထံမှ ဘဏ္ဍာငွေကိုလည်း ပြန်လည်သိမ်းပိုက်သင့်က သိမ်းပိုက်ရမည်။ မြို့ပြပြောက်ကျားတို့၏ အဓိကလုပ်ငန်းမှာ အဓိကရန်သူဖြစ်သော စစ်အုပ်စုကို နှောင့်ယှက်ရန်၊ ချေမှုန်းရန်၊ ပင်ပန်းနွမ်းနယ် အားကုန်ခမ်းအောင် ပြုရန်၊ ရန်သူ၏ ဆိုးယုတ်မှုကို လူအများသိရှိအောင်

ဖော်ထုတ်တင်ပြနိုင်ရန်နှင့် မိမိအင်အားကို ကြီးထွားအောင် တည်ဆောက်ရန်၊ လိုအပ်သော အချိန်တွင် လူထုကို လက်နက်တပ်ဆင်ပေးနိုင်ရန်ဖြစ်သည်။

စစ်၏ယေဘုယျ ရည်ရွယ်ချက်မှာ ရန်သူကိုချေမှုန်းရန်နှင့် မိမိအင်အားကို တည်ဆောက်ရန် ဖြစ်သည်။ မြို့ပြပြောက်ကျားသည်လည်း အလားတူဖြစ်သည်။ ထိုသဘောတရားမှ မကင်းလွတ်ချေ။

---

## မြို့ပြပြောက်ကျားတို့၏အရည်အသွေး

မြို့ပြပြောက်ကျားများသည် လက်ရွေးစင်များဖြစ်ရမည်။ သတ္တိရှိသူ၊ သန္နိဋ္ဌာန် ခိုင်မာသူ၊ နိုင်ငံရေးသဘောတရားကို လေ့လာနားလည်ထားသူများဖြစ်ရမည်။ မြို့ပြပြောက်ကျားများကို လေ့ကျင့်ပျိုးထောင် သင်တန်းပေးမှုများပြုလုပ်ပေးရမည်။ ပြောက်ကျားရဲဘော်များသည် တော်လှန်ရေးအတွက် အဖိုးတန်ကျောက်မျက်ရတနာများဖြစ်သည်။ ထို့ကြောင့် ကြေးစား စစ်သားများနှင့် အသက်တချောင်းချင်းလဲလှယ်ရသော အခြေအနေမျိုးကို ရှောင်ကြဉ်ရမည်။

ပြောက်ကျားရဲဘော်သည် နည်းပရိယာယ်ကြွယ်ဝအောင် လေ့ကျင့်ရမည်။ ဟန်ဆောင်ကောင်းရမည်။ လူထုနှင့် တသားတည်းရှိရမည်။ ရုတ်တရက်ကြည့်လျှင် သာမန်လူတယောက်နှင့် ကွဲပြားပေါ်လွင်နေခြင်းမရှိစေရ။

ရန်သူ၏ အားသာချက်မှာ လက်နက်ဖြစ်သည်။ မိမိတို့၏ အားသာချက်မှာ ယုံကြည်ချက်နှင့် လူထုထောက်ခံမှုဖြစ်သည်။ လူထုထောက်ခံမှု မရလျှင် မည်သည့်ပြောက်ကျား တော်လှန်ရေးမျှ အောင်မြင်မှုမရနိုင်။ မိမိတို့သည် မှန်သော တရားသော ရည်ရွယ်ချက်အတွက် အသက်ပေး၍ တိုက်ပွဲဝင်နေသည်ဟူသော ယုံကြည်ချက်သည် ရန်သူထက် စိတ်ဓာတ်ရေးရာ သာလွန်မြင့်မားနေသောအချက် ဖြစ်သည်။ ထိုယုံကြည်ချက်သည် ရန်သူကို အောင်နိုင်ရေး အတွက် အလွန်အရေးပါသော အချက်ဖြစ်သည်။

မြို့ပြပြောက်ကျားများသည် ရန်သူ၏ လက်နက်များကို လုယက်ခြင်း၊ ဝယ်ယူခြင်း၊ ခိုးယူခြင်းများပြုလုပ်ရန်လိုအပ်သည်။ ရန်သူ့လက်နက်ကိုယ့်လက်နက် ဟူသည်မှာ ပြောက်ကျား ရဲဘော်များ၏ ဆောင်ပုဒ်ဖြစ်သည်။

ပြောက်ကျားရဲဘော်များသည် ရန်သူကြေးစားစစ်သားများကဲ့သို့ လက်နက်များကို အမျိုးအစား တူညီစွာကိုင်ဆောင်နိုင်မည်မဟုတ်။ ထို့ကြောင့် လက်နက်အမျိုးမျိုးကို ကိုင်တွယ် အသုံးပြု တတ်အောင် လေ့ကျင့်ထားရမည်။ ကျည်ဆံနှင့် ခဲယမ်းမီးကျောက် မလုံလောက်ခြင်းမှာ ပြောက်ကျားတော်လှန်ရေးများတွင် အစဉ်ကြုံတွေ့ရလေ့ရှိသော အခက်အခဲဖြစ်သည်။ ထိုအခက်အခဲကို ကျော်လွှားရန် ကြံဆချက်အမျိုးမျိုးလိုအပ်သည်။ ထို့အပြင် ပြောက်ကျားများ သေနတ်ပစ်လေ့ကျင့်ရန်၊ လက်နက်ဖွက်ရန် နေရာအခက်အခဲရှိလိမ့်မည်။ ထိုအချက်များအတွက် တီထွင်ကြံဆမှုများ မလွှဲမသွေလိုအပ်လိမ့်မည်။ ထိုးထွင်းတီထွင်မှု၊ နည်းနာအသစ်ရှာဖွေမှုသည် တော်လှန်ရေး အတွက် မရှိမဖြစ်လိုအပ်သော အရည်အသွေးဖြစ်သည်။

ပြောက်ကျားစစ်အတွက် အရေးကြီးသောလိုအပ်ချက်များမှာ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှု initiative ၊ ရွေ့ပြောင်းနိုင်မှု mobility ၊ ပြုပြင်ပြောင်းလဲလွယ်မှု flexibility တို့ဖြစ်သည်။

ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းသည် မဖြစ်မနေလိုအပ်သော အရည်အသွေးဖြစ်သည်။ အခြေအနေသည် အမြဲကြိုတင်မှန်းဆ၍မရစကောင်း။ ကြိုတွေးမထားသော အခြေအနေမျိုးကို ကြုံတွေ့ရမည်မှာ ဓမ္မတာပင်။ သို့သော် ထိုအချိန်မျိုးတွင် မြို့ပြပြောက်ကျားရဲဘော် တယောက်သည် တွေဝေနေဖို့ အချိန်မရ။ အမြဲတစေ အမိန့်ကို မျှော်လင့်စောင့်စားနေ၍မရ။ ထို့ကြောင့် မိမိကိုယ်တိုင် ဆုံးဖြတ်ဆောင်ရွက်နိုင်သော အရည်အချင်းမျိုး မဖြစ်မနေ လိုအပ်လေသည်။ ပြောက်ကျားရဲဘော်၏ တာဝန်မှာ လှုပ်ရှားဆောင်ရွက်ရန်ဖြစ်သည်။ ရင်ဆိုင်ကြုံတွေ့လာသော ပြဿနာအပေါ်တွင် အကောင်းဆုံးအဖြေကို မြန်မြန်ဆန်ဆန် ဆုံးဖြတ်ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ “အကောင်းဆုံးမဟုတ်သော်လည်း တခုခု ဆောင်ရွက် လိုက်နိုင်ခြင်းသည် မှားမှာစိုးပြီး ဘာမှမလုပ်လိုက်ရတာထက် ပိုကောင်းသည်” ဟူသောအချက်ကို နားလည်ထားရန်လိုသည်။ တဦးချင်းစီတွင် ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်း မရှိလျှင် မြို့ပြပြောက်ကျားတော်လှန်ရေး မဆောင်ရွက်နိုင်။ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်း initiativity သည် အရေးကြီးသော အရည်အချင်း တရပ်ဖြစ်သည်။

အခြားလိုအပ်သော အရည်အချင်းတရပ်မှာ ခံနိုင်ရည်ရှိခြင်းဖြစ်သည်။ ပင်ပန်းသည့်ဒဏ်၊ ဆာလောင်မှုဒဏ်၊ အေးခြင်းပူခြင်းမိုးစိုခြင်းဟူသည့် ရာသီဥတုဒဏ်တို့ကို ခံနိုင်ရည်ရှိဖို့လိုသည်။ ထို့အပြင် မည်သို့ပုန်းအောင်းရမည်ကို သိရမည်။ မည်သို့နိုးကြားသတိရှိရမည်ကို နားလည်ဖို့လည်း လိုအပ်သည်။ အခြားသူတယောက်အဖြစ် ဟန်ဆောင်အသွင်ယူတတ်အောင် ကြိုတင် လေ့ကျင့် ထားရမည်။ အရေးကြီးသောအခါတွင် ရုံးဝန်ထမ်းတယောက်အဖြစ်၊ အင်ဂျင်နီယာ တယောက် အဖြစ်၊ စီးပွားရေးသမားတယောက်အဖြစ်၊ တက္ကစီယာဉ်မောင်းတယောက်အဖြစ် ဟန်ဆောင် ပြုမူတတ်အောင် လေ့ကျင့်ထားတာမျိုး၊ အခြေခံဗဟုသုတစုဆောင်းထားတာမျိုး လိုအပ်သည်။

အန္တရာယ်ကိုမကြောက်နှင့်။ သရဲတစ္ဆေကိုမကြောက်နှင့်။ ညကိုမကြောက်နှင့်။ နေ့ဖြစ်စေ၊ ညဖြစ်စေ စိတ်အနေအထား တသမတ်တည်း ထားရှိနိုင်အောင် လေ့ကျင့်ထားရမည်။ ကြာရှည်တွေဝေမနေနှင့်။ မစဉ်းစားမသုံးသပ်ဘဲ ကမန်းကတန်း မဆုံးဖြတ်နှင့်။ လိုအပ်လျှင် အကန့်အသတ်မရှိစိတ်ရှည်နိုင်ရမည်။ အရေးကြီးသော အချက်မှာ စိုးရိမ်စိတ်ကြီးပြီး ပြာသွားတာမျိုး ဘယ်တော့မှမဖြစ်စေနှင့်။ တည်ငြိမ်ရမည်။ ခေါင်းအေးရမည်။ သွေးအေးရမည်။ အဆိုးဆုံးအခြေအနေနှင့်ကြုံလျှင်ပင် စိတ်တည်ငြိမ်မှု မပျက်ပြားအောင် လေ့ကျင့်ထားရမည်။ သဲလွန်စချန်မထားနှင့်။ ခြေရာလက်ရာ မကျန်ရစ်စေနှင့်။ စိတ်ဓာတ်မကျမိစေနှင့်။

အခက်အခဲကြီးမားသော အချိန်များတွင် တချို့ရဲဘော်များ စိတ်ဓာတ်ပျော့ညံ့သွားကာ၊ တိုက်ပွဲမှ စွန့်ခွာသွားတာတွေ မြင်ရတတ်သည်။ ကိုယ်ကိုယ်တိုင် ထိုသို့မဖြစ်ဖို့ သူများပျော့ညံ့သွားတာ ကိုကြည့်ပြီး ကိုယ်ပါရောစိတ်ဓာတ်မကျဖို့လိုသည်။ ထိုအခြေအနေများကို ကြံ့ကြံ့ခံ ကျော်လွှား နိုင်သော စိတ်ဓာတ်ကြံ့ခိုင်မှုမျိုးရှိဖို့ အရေးကြီးသည်။

မြို့ပြပြောက်ကျားတော်လှန်ရေးသမားဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင်မဟုတ်၊ ရုပ်ရှင်သရုပ်ဆောင်မဟုတ်။ ပြောက်ကျားတော်လှန်ရေးဆင်နွှဲပြီး ဖိနှိပ်သူအစိုးရကို အပြီးသတ်ချေမှုန်းသုတ်သင်ရန် သန္နိဋ္ဌာန်ချထားသူဖြစ်ရကား အခက်အခဲကြုံရမည်မှာမုချဖြစ်သည်။ မြို့ပြပြောက်ကျား တယောက်အနေနှင့် အခက်အခဲများကို ဆက်လက်ရင်ဆိုင်နိုင်စွမ်း မရှိတော့ဟု ကိုယ့်ကိုယ်ကိုယ်သိလျှင်၊ အခြေအနေကောင်းကို ဆက်လက်သည်းခံစောင့်ဆိုင်းရန် စိတ်မရှည်နိုင်တော့လျှင် သစ္စာဖောက်အဖြစ်ခံမည့်အစား ပေးထားသောတာဝန်မှ စောစောစီးစီး နုတ်ထွက်လိုက်တာက အကောင်းဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင့်မှာ ပြောက်ကျားကောင်းတယောက်ဖြစ်ရန် အရည်အသွေး မပြည့်စုံတော့သည်မှာ ထင်ရှားနေပြီဖြစ်သောကြောင့်ပင်။ မြို့ပြပြောက်ကျား အစား၊ တခြားပေါ့ပါးလွယ်ကူသော နိုင်ငံရေးတာဝန်မျိုးကို ပြောင်းလဲထမ်းဆောင်သင့်သည်။

---

## မည်သို့ကျင့်ကြံနေထိုင်မည်နည်း

မြို့ပြပြောက်ကျားတယောက်အနေဖြင့် လူထုအကြားတွင် တသားတည်းဖြစ်အောင် ဘယ်လိုပြုမူနေထိုင်ရမည်ကို သိဖို့လိုသည်။ သာမန်အရပ်သားများအကြားတွင် သင်သည် ထူးခြားသောလူတယောက်အဖြစ် ပေါ်လွင်မနေစေရ။ သင်ဝတ်ဆင်လေ့ရှိသော အဝတ်အစားများသည် အခြားသူတို့ဝတ်ဆင်လေ့ရှိသော အဝတ်အစားများနှင့် တမူထူးခြားဆန်းပြားနေတာမျိုး မဖြစ်စေရ။ သိပ်ရိုးသိပ်တောကျလွန်းတာမျိုး မဖြစ်စေနှင့်။ သိပ်ဂေါ်နေတာမျိုးလည်းမဖြစ်စေနှင့်။

တိုက်ခိုက်ရေးသမားတယောက်ဆန်နေတာမျိုးလည်းမဖြစ်သင့်။ သိပ်အဆင့်အတန်းမြင့် စမတ်ကျလွန်းတဲ့ ဝတ်စားဆင်ယင် နေထိုင်ပုံမျိုးလည်း မဖြစ်သင့်။ အတိုချုပ်ဆိုရသော် ဘေးကလူတွေနှင့် မထူးခြားသော သာမန်လူဖြစ်နေသင့်သည်။ သင့်ကွယ်ရာတွင် သင့်အသွင်သဏ္ဌာန်ကို သရုပ်ဖော်ပြောဆိုခိုင်းလျှင်ပင် ထူးခြားချက်မရှိလွန်းသောကြောင့် အရှာရခက်သော လူမျိုးဖြစ်နေလျှင် အကောင်းဆုံးဖြစ်သည်။ မြို့ပြပြောက်ကျားများသည် နေရာအမျိုးမျိုး ရွှေ့ပြောင်းနေထိုင်ရတတ်သောကြောင့် နေရာအမျိုးမျိုးတွင် ဝင်ဆန့်သော သာမန်လူ၊ ယေဘုယျလူတယောက်ဖြစ်နေလျှင် ပိုကောင်းသည်။

မြို့ပြပြောက်ကျားတဦးသည် သူ၏ အသက်မွေးဝမ်းကြောင်းအတွက် ကိုယ်တတ် ကျွမ်းသော အလုပ်အကိုင်၊ ပရော်ဖက်ရှင်မျိုးကို လုပ်ကိုင်နိုင်သည်။ ကိုယ့်နိုင်ငံရေး လုပ်ငန်းများကို ထောက်လှမ်းရေးက သိသွားပြီဆိုလျှင် မြေအောက်လျှိုးသင့်သည်။ တခါတရံ ပုန်းအောင်းနေထိုင်သင့်သည်။ မိမိသိရှိထားသော နိုင်ငံရေးလုပ်ငန်း၊ နိုင်ငံရေး အဆက်အသွယ်များကို မည်သူ့ကိုမျှ ပြန်လည် ဖော်ထုတ်ပြောကြားခွင့်မရှိ။ မိမိသိရှိ ထားသောအချက်များမှာ မိမိပိုင်ဆိုင်သောအရာမဟုတ်။ တော်လှန်ရေး အဖွဲ့အစည်းပိုင် ဖြစ်သည်။ မိမိကို ယုံကြည်စိတ်ချသောကြောင့် ဖွင့်ဟပြောဆိုထားသော အချက်ကို အခြားသူအား အမှုမဲ့အမှတ်မဲ့ ပြောဆိုခြင်းသည် အများပိုင်ပစ္စည်းအား အလွဲသုံးစားလုပ်သည်နှင့်တူသည်။ မိမိသိထားသော လျှို့ဝှက်ချက်သည် အဖွဲ့အစည်းပိုင်ဖြစ်ရုံသာမက ရဲဘော်ရဲဘက်များ၏ အသက်နှင့်ဆိုင်သော အရာလည်းဖြစ်သည်။ "လျှို့ဝှက်ချက်ကို မိမိ၏မျက်လုံးသဖွယ် ကာကွယ်စောင့်ရှောက်ရမည်" ဆိုသောစကားမှာ မြေအောက်တော်လှန်ရေး အဖွဲ့အစည်းများ၏ ဆောင်ပုဒ်ဖြစ်သည်။ မြေအောက်လုပ်ငန်း၊ ပြောက်ကျားလုပ်ငန်းလုပ်ရာတွင် မိမိနှင့် မသက်ဆိုင်သောအရာကို မသိချင်နှင့်။ မစပ်စုနှင့်။ လျှို့ဝှက်ချက်တခုကို ပိုသိလျှင် လျှို့ဝှက်ချက်တခုကို ပိုမိုစောင့်ထိန်းရန် ဝန်ထုပ်ဝန်ပိုးတက်လာတတ်သည်။ "မဆိုင်တာမမေးနှင့်၊ မစပ်စုနှင့်" ဟူသည်မှာ မြေအောက်လုပ်ငန်း၏ စည်းကမ်းချက်တခုဖြစ်သည်။

မြို့ပြပြောက်ကျားရဲဘော်တယောက်သည် ပတ်ဝန်းကျင်လေ့လာအားကောင်းရမည်။ ဟိုစပ်စပ်၊ ဒီစပ်စပ် နည်းနည်းပါးပါးတော့ နေရာတော်တော်များများမှာ သိထားလျှင် ကောင်းသည်။ အထူးပြုလေ့လာစုံစမ်းရမည်မှာကား ရန်သူ၏ လှုပ်ရှားမှုကို ဖြစ်သည်။ မိမိနေထိုင်သည့် ပတ်ဝန်းကျင်၊ မိမိစစ်ဆင်ရေးပြုလုပ်မည့်ဒေသ၊ မိမိခရီးသွားလာမည့် နေရာများကို သိရှိထားလေကောင်းလေဖြစ်သည်။ မြောက်ဥက္ကလာမှာ နေသူသည် မြောက်ဥက္ကလာကို လမ်းကြိုလမ်းကြားက အစ အကုန်သွားဖူးထားသူဖြစ်လျှင် ကောင်းသည်။ မန္တလေးမှာနေသူဆိုလျှင် မန္တလေးမှာ

သာမန်မန္တလေးသူမန္တလေးသာ မရောက်ဖူးသောနေရာကအစ အကုန်ရောက်ဖူးထားလျှင် ကောင်းသည်။ အရေးကြုံလျှင် ထိုအချက်မျိုးမှာ များစွာအသုံးတည့်တတ်သည်။

မြို့ပြပြောက်ကျားရဲဘော်တယောက်၏ အဓိကလက္ခဏာမှာ ဖိနှိပ်သူအစိုးရကို လက်နက်ဖြင့် တော်လှန်တိုက်ခိုက်မည့်သူဆိုသော အချက်ကို မမေ့မလျော့ ရှိအပ်သည်။ ဆရာဝန်၊ စာရင်းကိုင်၊ အင်ဂျင်နီယာ အစရှိသော မိမိ၏ အသက်မွေးဝမ်းကြောင်းအလုပ်အကိုင် ပရော်ဖက်ရှင်နယ်ကို စွဲလန်းခင်တွယ်ကာ ရေရှည်လုပ်ကိုင် အသက်မွေးခွင့်ရမည်ဟု မမျှော်လင့်အပ်။ စွန့်တန်က စွန့်ရမည်။ မိမိ၏ တကယ့်ပရော်ဖက်ရှင်နယ်မှာ ပြောက်ကျားတော်လှန်ရေးသမား ပရော်ဖက်ရှင်နယ်ဖြစ်ရမည်။

ဘရာဇီး မြို့ပြပြောက်ကျားများအတွက် လက်နက်ကိုင်တော်လှန်ရေးဆိုင်ရာ မဖြစ်မနေ လုပ်အပ်သည့် ရည်မှန်းချက် ၂ မျိုးသတ်မှတ်ထားသည်ကို တွေ့ရသည်။

၁။ ရဲနှင့်စစ်တပ်၏ အရာရှိများ၊ တပ်သားများကို ကိုယ်တိုင်ကိုယ်ကြပ် သုတ်သင် ရှင်းလင်းခြင်း။

၂။ အစိုးရပိုင်၊ စစ်အာဏာရှင်မိသားစုများပိုင် ၎င်းတို့၏ ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းများ ပိုင်ဆိုင်သော ဘဏ္ဍာငွေနှင့် ပိုင်ဆိုင်ပစ္စည်းများကို တိုက်ခိုက် သိမ်းပိုက်ခြင်း။

"မြို့ပြပြောက်ကျားများတွင် အခြားပိုမိုကြီးမားသော ရည်မှန်းချက်များရှိသည်မှာ အထင်အရှား ပင်။ သို့သော် အထက်ဖော်ပြပါအခြေခံနှစ်ချက်မှာ မဖြစ်မနေလိုအပ်သောအရာဖြစ်ပေသည်။" ဟု ကားလို့စ်မာရီဂယ်လာ ဆိုသည်။

"မိမိတို့ပြောက်ကျားများ၏ ရှင်သန်ရပ်တည်ရေးအတွက် ရဲနှင့်စစ်သားများကို လုပ်ကြံ သတ်ဖြတ်ရန် လိုအပ်သည်ဟူသော အချက်နှင့် ရန်သူ၏ ငွေကြေးဘဏ္ဍာကို သိမ်းပိုက်ရယူရန် လိုအပ်သည်ဟူသော အချက်ကို ရှင်းရှင်းလင်းလင်း သိနားလည် ထားရန်အရေးကြီးပေသည်" ဟုလည်း ကားလို့စ်မာရီဂယ်လာကဆိုသည်။

ရန်သူ၏ ဘဏ္ဍာငွေကို သိမ်းပိုက်ခြင်းမှာ မြို့ပြပြောက်ကျားလိုအပ်ချက်များကို ဖြည့်ဆည်းရန်၊ လက်နက်ဝယ်ယူရန်၊ မြို့ပြပြောက်ကျားတို့၏ စားဝတ်နေရေးဖြည့်ဆည်းရန် ဆေးဝါးကုသ စရိတ်ရရှိရန်အတွက် လိုအပ်ပေသည် ဟုလည်း ကားလို့စ်မာရီဂယ်လာက ဆိုထားပေသည်။ မိမိတို့သည် ရန်ပုံငွေအတွက် မည်သူ့ကိုမျှမှီခိုနေ၍မဖြစ်။ မိမိဘာသာ ရှာဖွေရမည်သာ။

ထို့အပြင် “ဘရာဇီးတွင် မြို့ပြပြောက်ကျားများကပြုလုပ်ကြသော လုပ်ကြံသတ်ဖြတ်ခြင်း၊ ဖောက်ခွဲခြင်း၊ လက်နက်နှင့်ခဲယမ်းမီးကျောက်လုယူခြင်း၊ ဘဏ်များ အကျဉ်းထောင်များကို တိုက်ခိုက်ခြင်းတို့သည် လက်နက်ကိုင်တော်လှန်ရေး တရပ်အတွက် ရှောင်လွှဲမရသော ဆောင်ရွက်ချက်များ” ဟုလည်း ဆိုသည်။ လက်နက်ကိုင်စစ်ပွဲ ဆင်နွှဲရခြင်းအကြောင်းမှာ ထိုအရာများကို လုပ်ဆောင်ဖို့ပင်မဟုတ်လောဟုလည်း ကားလို့စ်မာရီဂယ်လာက ဆိုသည်။ လူထုထံမှ သွေးစုပ်ခေါင်းပုံဖြတ်ထားသော ဘဏ္ဍာကို လူထုတော်လှန်ရေးအတွက် ပြန်လည် အသုံးပြုခြင်းဟုဆိုသည်။

အစဉ်အလာဗမာ့တော်လှန်ရေးတွင်မူ လူပုဂ္ဂိုလ်ပစ်မှတ်ထားလုပ်ကြံမှုမျိုးကို ဗမာ့တော်လှန်ရေး အဖွဲ့အစည်းများက လုပ်လေ့မရှိ။ စစ်အုပ်စုကသာ လုပ်လေ့ရှိသည်။ သခင်သန်းထွန်းကို လုပ်ကြံခြင်းမျိုး၊ စောဘဦးကြီးကို လုပ်ကြံခြင်းမျိုးကို စစ်အုပ်စု ဘက်ကသာလုပ်ခဲ့သည်။ ဗမာ့တော်လှန်ရေး အဖွဲ့အစည်းများက မလုပ်ခဲ့စဖူး။ အစိုးရဘဏ္ဍာငွေ လုယက်တာမျိုးလည်း ဗမာ့တော်လှန်ရေးအဖွဲ့အစည်းများက လုပ်လေ့လုပ်ထမရှိ။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတချို့ကမူ လုပ်ကြံသတ်ဖြတ်ခြင်းကိုရော ဘဏ္ဍာငွေ လုယက်ခြင်းကိုပါ အနည်းငယ်ကျင့်သုံးခဲ့ကြဖူးသော အစဉ်အလာတချို့ ရှိခဲ့ပါသည်။

အခုခေတ်ကာလတွင် တော်လှန်ရေးသည် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်ဖို့လိုသည်။ အမှီခိုကင်းရမည်။ ထို့ကြောင့် လိုအပ်သော ရန်ပုံငွေ အမြောက်အမြားကို စစ်အုပ်စုပိုင် စီးပွားရေးလုပ်ငန်းများထံမှ တိုက်ခိုက်ရယူခြင်းမျိုးမှာ လုပ်သင့်မလုပ်သင့်၊ စစ်အုပ်စုနှင့်ပူးပေါင်းကြီးပွားကာ လူထုကို ဖိနှိပ်ညှင်းပန်းမှုများတွင် အထောက်အကူပြုနေသော ခရိုနီပိုင်စီးပွားရေးများကို အထူးသတိထားစိစစ်ကာ ရွေးချယ်တိုက်ခိုက်သိမ်းပိုက်မှုမျိုးလုပ်သင့် မလုပ်သင့် ဆိုသည်မှာ အလေးအနက် စဉ်းစားသုံးသပ်ရမည့် အရာဖြစ်နိုင်ပါသည်။ ဆက်စပ်စဉ်းစားသင့်သော အကြောင်းအရာများရှိသည်။ မိမိတို့နိုင်ငံရေးအတွေးအခေါ်နှင့် ကိုက်ညီဆီလျော်မှုရှိမရှိ။ ရေရှည်ဖြစ်ပေါ်လာနိုင်သော နိုင်ငံရေးအကျိုးဆက် နိုင်ငံရေးယဉ်ကျေးမှုကိုလည်း ချင့်ချိန်တွက်ချက်ဖို့လိုသည်။ ဤအရာသည် နိုင်ငံရေးဦးဆောင်ပါတီက ဆုံးဖြတ်ချက်ချကာ ပေါ်လစီချမှတ်ကျင့်သုံးရမည့်အရာဟုယူဆပါသည်။

## မြို့ပြပြောက်ကျားတိုက်ပွဲအတွက် နည်းနာပိုင်းပြင်ဆင်မှု

နည်းနာပိုင်းဆိုင်ရာပြင်ဆင်မှုများကို အထူးအာရုံစူးစိုက်မှုမရှိဘဲ မည်သူမျှ မြို့ပြပြောက်ကျားကောင်း တယောက်ဖြစ်မလာနိုင်။

နည်းနာပိုင်းပြင်ဆင်မှုဆိုသည်မှာ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းအောင် လေ့ကျင့်မှု၊ နိုင်ငံရေးနှင့် ဗဟုသုတလေ့လာဆည်းပူးမှု၊ ပရော်ဖက်ရှင်နယ်ပြောက်ကျားတယောက်ဖြစ်အောင် လေ့ကျင့်မှုမျိုး ပါဝင်သည်။

စနစ်တကျလေ့ကျင့်လျှင် မြို့ပြပြောက်ကျားတယောက်သည် ကိုယ်ခန္ဓာကြံ့ခိုင် သန်စွမ်းအောင် လုပ်ယူ၍ရနိုင်သည်။ တိုက်ခိုက်ခြင်းသည် အတတ်ပညာဖြစ်သည်။ တော်လှန်ရေးသည် အတတ်ပညာဖြစ်သည်။ တိုက်ခိုက်ခြင်း အတတ်ပညာကို မလေ့လာ မသင်ယူဘဲနှင့် တိုက်ခိုက်ရေးသမားကောင်းတယောက်မဖြစ်နိုင်။

ထို့ကြောင့် မြို့ပြပြောက်ကျားတော်လှန်ရေးသမားတယောက်သည် လက်နက်မဲ့ တိုက်ခိုက်ခြင်းနှင့် ကိုယ်ခံပညာကို သင်ယူလေ့ကျင့်ဖို့လိုသည်။ တခြား သင်ယူလေ့ကျင့်အပ်သော လေ့ကျင့်ခန်းများမှာ လမ်းလျှောက်ခြင်း၊ တောတောင်ထဲ စခန်းချခြင်း၊ တောထဲတွင် ရှင်သန်နေထိုင်နိုင်အောင် လေ့ကျင့်ခြင်း၊ တောင်တက်ခြင်း၊ လှေလှော်ခြင်း၊ ရေကူးခြင်း၊ ရေငုပ်ခြင်း၊ ရေငုပ်ဝတ်စုံအသုံးပြုခြင်း၊ ငါးမျှားခြင်း၊ မှိန်းအသုံးပြုငါးထိုးခြင်း၊ ငှက်နှင့် သားကောင်ငယ်များ အမဲလိုက်ခြင်း အတတ်ပညာများဖြစ်သည်။

အရေးတကြီး တတ်အပ်သော အတတ်ပညာများထဲတွင်မော်တော်ဆိုင်ကယ် စီးခြင်း၊ ကားမောင်းခြင်း၊ လေယာဉ်ပျံမောင်းနှင်ခြင်း၊ စက်လှေ၊ ရွက်လှေမောင်းနှင်ခြင်း၊ စက်ပစ္စည်း အင်ဂျင်များ ပြင်ဆင်မှုဆိုင်ရာ အခြေခံများ၊ ရေဒီယို၊ တယ်လီဖုန်း၊ လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများဆိုင်ရာ နည်းပညာများ ပါဝင်သည်။ အိုင်တီနည်းပညာနှင့် ပတ်သက်၍ အတိုင်းအတာတခုထိ တတ်ကျွမ်းမှုရှိရမည်။ မိမိရောက်ရှိသော နေရာကိုသိရှိရန်၊ မြေမျက်နှာပြင်အနိမ့်အမြင့်ကို သိရှိရန်၊ တည်နေရာ အကွာအဝေးကို တွက်ချက်နိုင်ရန်၊ စစ်ဆင်ရေးအတွက် လိုအပ်သော အချိန်ကာလကို ခန့်မှန်းတွက်ချက်နိုင်ရန်၊ စစ်ရေးစီမံကိန်းချနိုင်ရန် တို့အတွက် စစ်သုံးမြေပုံအမျိုးမျိုးဖတ်ရှုခြင်း၊ သံလိုက်အိမ်မြှောင် အသုံးပြုခြင်း၊ စကေးကိုက်မြေပုံရေးဆွဲခြင်း အတတ်တို့ကိုလည်း တတ်ကျွမ်းရန် လိုအပ်သည်။ ဖောက်ခွဲရေးပစ္စည်းများပြုလုပ်ရန် ဓာတုဗေဒအခြေခံကို သိကျွမ်းထားသင့်သည်။ စာရွက်စာတမ်း အတုပြုလုပ်ခြင်း၊ ရာဘာတံဆိပ်တုံးအတုပြုလုပ်ခြင်းများကို သင်ယူသင့်သည်။ ဆေးပညာအခြေခံ၊

သူနာပြုအတတ်၊ ဆေးဝါးသိနားလည်မှု၊ သာမန်ဒဏ်ရာခွဲစိပ်မှုနှင့် အရေးပေါ် ရှေးဦးသူနာပြုစုနည်းများ တတ်ထားဖို့လိုအပ်သည်။

မြို့ပြပြောက်ကျားတယောက်အတွက် နည်းနာပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုထဲတွင် လက်နက်များ ကိုင်တွယ်အသုံးပြုပုံမှာ မဖြစ်မနေတတ်ရမည့် အတတ်ဖြစ်သည်။ စက်သေနတ်၊ ခြောက်လုံးပြူး၊ အော်တိုမစ်တစ်ပစ္စတို၊ ရှော့ဂန်းအမျိုးမျိုး၊ ကာဘိုင်၊ မော်တာ၊ ဘဇူကာ စသည်တို့ ပစ်တတ်ထားဖို့လိုသည်။

ခဲယမ်းမီးကျောက်အမျိုးမျိုး၊ ဖောက်ခွဲပစ္စည်းအမျိုးမျိုးနှင့်ပတ်သက်၍ သိထားရမည်။ ဖောက်ခွဲပစ္စည်းများအနက် ဒိုင်းနမိုက်အကြောင်း ကောင်းကောင်း နားလည်သင့်သည်။ မီးလောင်ဗုံး၊ မီးခိုးဗုံးများ အသုံးပြုပုံမှာလည်း သင်တန်းပေးရာတွင် မပါမဖြစ်ပေ။ လက်နက်ငယ်များပြင်ဆင်ခြင်း၊ မိုလိုတော့ဗ် ကောက်တေးလ်စ်ဟုခေါ်သော ဓာတ်ဆီပုလင်းဗုံး၊ လက်လုပ်ဗုံးများပြုလုပ်ခြင်း၊ လက်လုပ်မိုင်း၊ အိမ်လုပ်ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ခြင်း အတတ်များ၊ တံတားနှင့် အဆောက်အဦများဖောက်ခွဲခြင်း၊ လမ်းများကို ဖျက်ဆီးခြင်း အတတ်များသည်လည်း အရေးမကြီးဟု မဆိုသာ။

---

## မြို့ပြပြောက်ကျား လက်နက်များ

မြို့ပြပြောက်ကျားများအတွက် အသင့်တော်ဆုံးလက်နက် အမျိုးစားများမှာ အပေါ့စား လက်နက်များဖြစ်သည်။ ထိုလက်နက်များသည် ဝယ်ယူရန်သော်လည်းကောင်း၊ ရန်သူ့ထံမှ သိမ်းပိုက်ရရှိရန်လည်းကောင်း၊ လက်လုပ်သေနတ်အဖြစ် ပြုလုပ်ရန်သော်လည်းကောင်း လွယ်ကူသည်။ အပေါ့စားလက်နက်ငယ်များသည် သွက်လက်စွာ ကိုင်တွယ်နိုင်သည်။ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်သည်။ အပေါ့စားလက်နက်ငယ်ဆိုသည်မှာ ယေဘုယျအားဖြင့် ပြောင်းတိုသေနတ်များကို ခေါ်သည်။ အော်တိုမစ်တစ် သေနတ်များ အကျုံးဝင်သည်။ အော်မတိုမစ်တစ်နှင့် ဆီမီး အော်တိုမစ်တစ်သေနတ်များသည် မြို့ပြပြောက်ကျားတို့၏ ပစ်အားကို မြှင့်တင်ပေးသည်။

အတွေ့အကြုံအရဆိုလျှင် အပေါ့စားဆပ်မရှင်းဂန်းများသည် မြို့ပြပြောက်ကျားတိုက်ပွဲ အတွက် အထူးအသုံးဝင်သည့် အခြေခံလက်နက်ဖြစ်သည်။ ထိုလက်နက် အမျိုးအစားသည်

မြို့ပြတိုက်ပွဲအတွက် အလွန်ထိရောက်သည်။ အသုံးပြုရန် လွယ်ကူသည်။ ရန်သူက အထူးကြောက်ရွံ့ရသော လက်နက်ဖြစ်သည်။ မြို့ပြပြောက် ကျားများသည် ဆပ်မရှင်းဂန်းများကို မည်သို့ ကိုင်တွယ်ပစ်ခတ်ရကြောင်း ကောင်းကောင်းသိဖို့လိုသည်။ ဘရာဇီးမြို့ပြပြောက်ကျား လောကတွင် အလွန်ပေါ်ပြူလာဖြစ်သော လက်နက်ဖြစ်သည်။

မြို့ပြပြောက်ကျားအတွက် အကောင်းဆုံး ဆပ်မရှင်းဂန်းမှာ INA ပွိုင့်ဖိုးဖိုက် ကယ်လီဘာဖြစ်သည်။ (လက်နက်နှင့်ပတ်သက်သော အကြံပြုချက်မှာ ယခုခေတ်တွင် ခေတ်နောက်ကျနေနိုင်ပါသည်။ မူရင်းစာအုပ်တွင်ပါသည့်အတိုင်း ဖော်ပြထားခြင်းဖြစ်ပါသည်။) ကယ်လီဘာ အမျိုးအစား တခြား ဆပ်မရှင်းဂန်းများကိုလည်း အသုံးပြုနိုင်ပါသည်။ ဖြစ်နိုင်လျှင် ကျည်ဆံအမျိုးစားတူ အသုံးပြုနိုင်အောင် တိုက်ခိုက်ရေး အုပ်စုတစုချင်းတွင် တူညီသော လက်နက်အမျိုးအစားသုံးလျှင် ပိုကောင်းပါသည်။ ပွိုင့်သရီးအိတ် ခြောက်လုံးပြူး (ဒသမသုံးရှစ် ခြောက်လုံးပြူး) သည် ပြောက်ကျားများ ကိုင်တွယ် အသုံးပြုရန်ကောင်းမွန်သော လက်နက် အမျိုးအစား တမျိုးဖြစ်သည်။

လက်ဖြင့်ကိုယ်တွယ်ပစ်ခတ်ရသော ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ အစဉ်အလာ လက်နက်ဖြစ်သော မီးခိုးဗုံးများကိုလည်း ခုခံကာကွယ်သောအခါ ဆုတ်ခွာသောအခါများတွင် အသုံးပြုမည့် အပေါ့စားလက်နက်အမျိုးအစားတွင် ထည့်သွင်းနိုင်ပါသည်။

ပြောင်းရှည်သေနတ်များမှာ ပြောက်ကျားများအတွက် တနေရာမှ တနေရာ သယ်ယူရွှေ့ပြောင်းရန် ခက်သည်။ တိုက်ခိုက်နေစဉ် နေရာရွှေ့ပြောင်းသည့်အခါတွင်လည်း လေးလံသည်။ အမြန်ရွှေ့ပြောင်းနိုင်ခြင်းဟူသော မြို့ပြပြောက်ကျား အားသာချက်ကို ထိခိုက်နိုင်သည်။ အရွယ်အစားကြီးသောကြောင့် အလွယ်တကူ သတိထားမိနိုင်သည်။ ပြောင်းရှည်သေနတ်များတွင် FAL ၊ မော်ဆာသေနတ်၊ မော်ဆာ ရိုင်ဖယ်၊ ဝင်ချက်စတာ ရိုင်ဖယ်ကဲ့သို့သော အမဲလိုက်သေနတ်များ ပါဝင်သည်။

လေသေနတ်များကို လေ့ကျင့်သင်တန်းပေးရာတွင် အသုံးပြုနိုင်သည်။ ဘဇူကာနှင့် မော်တာများကို အသုံးပြုနိုင်သည်။ သို့သော် ထိုလက်နက်များ အသုံးပြုမည်ဆိုလျှင် ကြိုတင်ပြင်ဆင်မှုလိုအပ်သည်။ အသုံးပြုမည့်သူများကို လေ့ကျင့် ပေးထားပြီးဖြစ်ရမည်။

မြို့ပြပြောက်ကျားများကို လေ့ကျင့်သင်တန်းပေးရာတွင် လက်နက်ကြီးများကို အခြေခံ သင်တန်းပေးခြင်းမပြုလုပ်သင့်။ ပြောက်ကျားများသည် လျှင်မြန်ဖို့လိုသည်။ အမြန်

နေရာရွှေ့ပြောင်းနိုင်ဖို့လိုသည်။ လက်နက်ကြီးများသည် ယင်းပြောက်ကျားလို အပ်ချက်ကို အနှောင့်အယှက်ပေးနိုင်သည်။

လက်လုပ်သေနတ်များသည် တခါတရံတွင် စက်ရုံထုတ်သေနတ်များလောက် ထိရောက်ကောင်းမွန်သည်လည်း ရှိတတ်သည်။ ပြောင်းရှည်ကို ပြောင်းဖြတ်တောက်ထားသော ရှော့ဂန်းများသည်ပင်လျှင် မြို့ပြပြောက်ကျားတိုက်ပွဲ အတွက် လက်နက်ကောင်းဟု ဆိုနိုင်သည်။

လက်လုပ်သေနတ်ထုတ်လုပ်သည့် ခေတ်မီပန်းပဲဖိုများလည်း မြို့ပြပြောက် ကျားတော်လှန်ရေး အတွက်လိုအပ်သည်။ လက်နက်ပန်းပဲဖိုများသည် လက်နက်ကို ဘယ်လိုပြင်ရမည်ဆိုသည်ကိုလည်း ကောင်းကောင်းသိထားသင့်သည်။ လက်နက်ကို ပိုမိုကောင်းမွန်အောင်ပြုပြင်နည်း လက်လုပ်သေနတ်ထုတ်လုပ်နည်းများ တတ်ကျွမ်းထားသင့်သည်။

လက်နက်ပဲပန်းဖို သို့မဟုတ် လက်နက် စက်ရုံငယ်ကို တာဝန်ယူမည့်သူများသည် သံကိုပြုပြင်ပုံသွင်းခြင်း၊ မက္ကင်းနစ် အတတ်ပညာတို့ လိုအပ်သည်။ လက်လုပ်သေနတ် ထုတ်လုပ်ခြင်း လုပ်ငန်းတွင် လက်လုပ်ဗုံး၊ လက်လုပ်မိုင်း ထုတ်လုပ်ခြင်းများလည်း ပါဝင်ရမည်။

မိုလိုတော့ဗ် ကော့တေးလ်စ် ဟုခေါ်သော ဓာတ်ဆီပုလင်းဗုံး၊ ဓာတ်ဆီဗုံးအမျိုးမျိုး၊ ယမ်းသုံးဖောက်ခွဲပစ္စည်း၊ ပိုက်နှင့် ဘီယာသံဗူးအသုံးပြုသော ဖောက်ခွဲပစ္စည်း၊ လေးခွ၊ ဂျင်ဂလိ၊ မီးခိုးဗုံး၊ လက်လုပ်မိုင်း၊ ဒိုင်းနမိုက်၊ ပိုတက်ဆီယံကလိုရိုက်၊ အစရှိသော လက်နက်မှန်သမျှ လိုအပ်သလို တီထွင်ကြံဆ အသုံးပြုအပ်သည်သာ ဖြစ်သည်။

လက်နက်နှင့်ကျည်ဆံများကို ကိုယ်ပိုင်လက်လုပ်အတတ်ဖြင့်လုပ်ခြင်း၊ ပိုက်ဆံပေး ဝယ်ယူခြင်း၊ ရန်သူ့ထံမှ တိုက်ခိုက်လုယူခြင်းတို့ဖြင့်ရနိုင်သည်။ မြို့ပြပြောက်ကျားများသည် ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ ယမ်းများ၊ ဓာတုပစ္စည်းများကို သိုလှောင်သည့်အလုပ် မလုပ်မိစေရန် ရှောင်ရှားသင့်သည်။ ထိုအရာများကို ရေရှည်သိုလှောင်လျှင် မတော်တဆ ပေါက်ကွဲမှုများ ဖြစ်တတ်သည်။

အသစ်ပေါ်သောလက်နက်များကို လေ့လာစူးစမ်းခြင်းဖြင့် မြို့ပြပြောက်ကျားသည် မိမိတို့ပစ်ခတ်အားကို တိုးမြင့်အောင်ကြံဆနိုင်သည်။ မိမိတို့၏ ပြောက်ကျား နည်းပရိယာယ်များကို မွမ်းမံပြင်ဆင်နိုင်သည်။ ဥပမာတခုကိုပြရလျှင် ဘရာဇီးမြို့ပြ ပြောက်ကျားများသည် ဆပ်မရှင်းဂန်းများကို စတင်အသုံးပြုပြီး နည်းနာသစ်တီထွင်ကာ ဘဏ်များကို အောင်အောင်မြင်မြင် စီးနင်းတိုက်ခိုက်နိုင်ခဲ့သည်။

တူညီသောဆပ်မရှင်းဂန်းများကို အသုံးပြုကာ တူညီသောကျည်ဆံများကို အသုံးပြု စုဆောင်းထားနိုင်လျှင် ပိုမိုထိရောက်သော အဆင့်တဆင့်သို့ တက်လှမ်းနိုင်ပြီ ဟုယူဆနိုင်သည်။

---

## ပစ်ခတ်ခြင်း၊ မြို့ပြပြောက်ကျား၏အလုပ်မှာ ပစ်ခတ်ခြင်းပင်

မြို့ပြပြောက်ကျားရှိရခြင်း၏ ရည်ရွယ်ချက်သည် ပစ်ရန်ဖြစ်သည်။ မြို့ပြပြောက်ကျား ရှင်သန်ရပ်တည်ရန်ပစ်ရမည်။ မြို့ပြပြောက်ကျားသည် ဘယ်လိုပစ်ရမည်ဆိုသည်ကို ကောင်းကောင်းသိရမည်။ အကြောင်းမှာ ပစ်ခတ်ခြင်းသည် မြို့ပြပြောက်ကျား တိုက်ပွဲ၏ အဓိကလိုအပ်ချက် ဖြစ်သောကြောင့်ပင်။

သမားရိုးကျ စစ်ပွဲများတွင် တာဝေးပစ်ခတ်ခြင်းကို အဓိက အားထား အသုံးပြုလေ့ရှိသည်။ သမားရိုးကျ စစ်ပွဲမဟုတ်သော မြို့ပြပြောက်ကျား တိုက်ပွဲများတွင် တာတိုပစ်ခတ်ခြင်းကို ပိုအသုံးပြုသည်။ အခါများစွာတွင် အလွန်နီးကပ်သော ပစ်ခတ်မှုများကို ပြုလုပ်သည်။ မိမိအသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် မြို့ပြ ပြောက်ကျားများသည် အရင်ပစ်ဖို့လိုသည်။ ပစ်ချက်က မလွဲဖို့လည်း အရေးကြီး သည်။ မြို့ပြပြောက်ကျားသည် ကျည်ဆံမဖြုန်းနိုင်။ အဘယ်ကြောင့်ဆိုသော် ကျည်ဆံများများပိုင်ဆိုင်သူများ မဟုတ်သောကြောင့်ပင်။ မြို့ပြပြောက်ကျားများသည် ကျည်ဆံချွေတာရသည်။ မြို့ပြပြောက်ကျားသည် အချိန်မဖြုန်းနိုင်။ ပြောက်ကျားဆိုသည်မှာ မြန်မြန်ပစ်၊ မြန်မြန်ပြေးရတာမျိုးဖြစ်သည်။ ထို့ကြောင့် မြို့ပြပြောက်ကျားသည် တမဟုတ်ချင်းမြန်ဆန်စွာ ပစ်ခတ်နိုင်ရမည်။

အထူးအလေးနက်ထားမှာကြားလိုသောအချက်မှာ မြို့ပြပြောက်ကျားများသည် အဆက်မပြတ် ဝေ့ယမ်းပစ်ခတ်ခြင်းမျိုးကို အထူးလိုအပ်သော အခြေအနေမျိုးမှတပါး မပြုလုပ်အပ်။ အဘယ်ကြောင့်ဆိုသော် ကျည်ဆံဖြုန်းတီးရာရောက်သောကြောင့်ပင်။ ကျည်ကုန်သွားပြီး ကျည်ကပ်လဲဖို့ အချိန်မရလျှင် မြို့ပြပြောက်ကျား တယောက်အတွက် ဒုက္ခရောက်နိုင်သည်။ အဖမ်းခံရနိုင်သည်။ အသတ်ခံရနိုင်သည်။

ရန်သူနှင့် ရင်ဆိုင်တွေ့ချိန်တွင် မြို့ပြပြောက်ကျားများသည် နေရာကို အလျှင်အမြန်နှင့် မကြာခဏရွှေ့ပြောင်းရန်လိုအပ်သည်။ တနေရာတည်းတွင် ခိုအောင်းခြင်းသည် ပစ်မှတ်သေ ဖြစ်ပေါ်စေသောကြောင့် အလွန်အန္တရာယ်ကြီးသည်။

မြို့ပြပြောက်ကျား၏ အသက်မှာ ပစ်ခတ်ခြင်းအပေါ်တွင် များစွာမူတည်သည်။ လက်နက်ကို ကျင်လည်စွာ အသုံးပြုကာ ရန်သူကို ပစ်ခတ်နိုင်ခြင်း၊ ရန်သူအပစ်မခံရအောင် ရှောင်ရှားနိုင်ခြင်းသည် အဓိကလိုအပ်သော စွမ်းရည် ဖြစ်သည်။ စဉ်းစားစရာမလိုအပ်ဘဲ အလိုလိုတုံ့ပြန်ပစ်ခတ်တတ်သော အလေ့အကျင့် ရသည်အထိ ပြောက်ကျား တယောက်သည် လေ့ကျင့်ထားရမည်။ ပစ်ခတ်ခြင်းသည် စဉ်းစားလုပ်ဆောင်နေရသော အလုပ်မဟုတ်ဘဲ ကြွက်သားက အလိုအလျောက် တုံ့ပြန်နိုင်သော muscle memory ဖြင့် အလိုအလျောက် လုပ်ဆောင်နိုင်သော အဆင့်ကို ရောက်နေရမည်။ ဆိုလိုသည်မှာ မီးကိုထိသည်နှင့် လက်က အလိုအလျောက် ရုပ်လိုက်မိသော တုံ့ပြန်မှုမျိုး ဖြစ်နေရမည်။ ပစ်ခတ်မှုသည် မြန်ဖို့လိုသလို တိကျဖို့လည်း လိုသည်။ မည်သို့ချိန်မည်သို့ပစ်ရမည်ကို စနစ်ကျသော နည်းလမ်းများဖြင့် လေ့ကျင့်ရမည်။ မကြာခဏ အဆက်မပြတ်လေ့ကျင့်ရမည်။ နည်းစနစ်ကို သိလျှင် ကစားကွင်းများနှင့် မိမိအိမ်မှာပင်ဖြစ်စေကာမူ လက်ဖြောင့်အောင် လေ့ကျင်နိုင်ပါသည်။

ပစ်ခတ်ခြင်းနှင့် သေနတ်သမားကောင်းဖြစ်ခြင်းဟူသည်မှာ မြို့ပြပြောက်ကျား နည်းစနစ်တွင် မိုးနှင့်လေလို ဒွန်တွဲနေသောအရာဖြစ်ပါသည်။ သေနတ်ပစ်သိပ်ကောင်း သိပ်တိကျလာလျှင် အထူးအမျိုးအစား မြို့ပြပြောက်ကျား တယောက်ဖြစ်လာနိုင်ပါသည်။ စနိုက်ပါဟုခေါ်သော မြို့ပြပြောက်ကျား အမျိုးအစားဖြစ်သည်။ အနီးပစ်၊ အဝေးပစ် စနိုက်ပါများသည် မြို့ပြတိုက်ပွဲများတွင် မဖြစ်မနေလိုအပ်သော အမျိုးအစား တခုဖြစ်သည်။

---

## THE FIRING GROUP

ပစ်ခတ်ရေးအစု

မြို့ပြပြောက်ကျားတိုက်ပွဲများ ဖော်ဆောင်ရန် မြို့ပြပြောက်ကျားများကို ပစ်ခတ်ရေး အစုလေးများအဖြစ်ဖွဲ့စည်းထားရမည်။ ၄ ယောက်သို့မဟုတ် ၅ ယောက် ထက်မပိုသော အစုလေးများကို ပစ်ခတ်ရေး အစုဟု ခေါ်သည်။ ပစ်ခတ်ရေး အစုတခု တွင် အနည်းဆုံး မြို့ပြပြောက်ကျား ၂ ယောက်ပါဝင်သည်။ ပစ်ခတ်ရေးအစုတခု အတွင်းတွင် အတွေ့အကြုံရှိပြီးသူ တချို့ကို ခွဲခြားပြီး အစုသစ်ထူထောင်နိုင်သည်။

ပစ်ခတ်ရေး အစုတခုအတွင်းတွင် အတူတကွပါဝင်သူများသည် တဦးနှင့်တဦး ယုံကြည်စိတ်ချမှု အပြည့်ရှိသူများဖြစ်ရမည်။ အကောင်းဆုံးပစ်ခတ်နိုင်သူ၊ ဆပ်မရှင်းဂန်းကို

ဘယ်လို ကိုင်တွယ်ရမည်ဆိုတာ ကောင်းကောင်းသိသူသည် စစ်ဆင်ရေးကို ဦးဆောင်သူဖြစ်သင့်သည်။

ပစ်ခတ်ရေးအစုသည် မြို့ပြပြောက်ကျားလှုပ်ရှားမှုကို အစီအစဉ်ချသူ၊ အကောင်အထည်ဖော်သူဖြစ်သည်။ လက်နက်များကို ရယူသူ၊ သိမ်းဆည်းထားရှိသူဖြစ်သည်။ စစ်ရေးပရိယာယ်ကို လေ့လာသူ၊ နည်းပရိယာယ်များကို ချမှတ်သူ၊ အမှားပြင်သူဖြစ်သည်။

မဟာဗျူဟာသည် နည်းဗျူဟာကို လွှမ်းမိုးသည်။ မဟာဗျူဟာက အစီအစဉ်ချညွှန်ကြားချက်ရှိလျှင် နည်းဗျူဟာ သို့မဟုတ် နည်းပရိယာယ်ထက် မဟာဗျူဟာကို ဦးစားပေးရမည်။ သို့သော် မည်သည့် ပစ်ခတ်ရေး အစုမဆို မိမိကိုယ်ပိုင် ဆုံးဖြတ်ဆောင်ရွက်မှုလိုကို လိုအပ်သည်။ မိမိကိုယ်ပိုင် ဆုံးဖြတ်ဆောင်ရွက်နိုင်မှု own initiative မလိုအပ်သော ပစ်ခတ်ရေး အစုဟူ၍မရှိချေ။

ထို့ကြောင့် ဗဟိုပြောက်ကျားအဖွဲ့အစည်းသည် ပစ်ခတ်ရေးအစုများအပေါ်တွင် တင်းကျပ်သော ချုပ်နှောင်သည့် စည်းကမ်းများ မချမှတ်ရန် အထူးလိုအပ်သည်။ မဖြစ်မနေလိုအပ်သည်။ အစဉ်အလာတော်လှန်ရေးသမားများ၏ စတိုင်ဖြစ်သော အထက်အောက် တင်းကျပ်စွာ ထိန်းချုပ်သောနည်းလမ်းမျိုးကို ကျွန်ုပ်တို့ ဘရာဇီး ပြောက်ကျားတော်လှန်ရေး အဖွဲ့တွင် မကျင့်သုံးပါဟု ကားလို့စ် မာရီဂယ်လာက ဆိုထားသည်။

ဆိုလိုသည်မှာ မဟာဗျူဟာညွှန်ကြားချက်များကို ဦးစားပေးရမည်ဖြစ်သော်လည်း ဘယ်ဘဏ်ကိုစီးမည်၊ စစ်အာဏာရှင်အသိုင်းအဝိုင်းထဲက ဘယ်သူ့ကို တိုက်ခိုက်မည်၊ ဘယ်စစ်အလိုတော်ရိခရိုနီကို ပြန်ပေးဆွဲမည် ဆိုသောဆုံးဖြတ်ချက်မျိုးကို ဗဟိုညွှန်ကြားချက်တောင်းခံစရာမလိုဘဲ ပစ်ခတ်ရေးအစုက မိမိသဘောဖြင့် မိမိ ပြုလုပ်နိုင်သည်။

ဘယ်ပစ်ခတ်ရေးအစုမျှ အထက်အမိန့်ညွှန်ကြားချက်မရသောကြောင့် လှုပ်ရှားမှု မလုပ်နိုင်ဟူသော အဖြစ်မျိုးမဖြစ်စေရ။ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်နိုင်ရမည်။ မြို့ပြပြောက်ကျား၏ အလုပ်မှာ လှုပ်ရှားမှုကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ မည်သည့်မြို့ပြပြောက်ကျားမဆို ပစ်ခတ်ရေး အစုထူထောင်ကာ တိုက်ခိုက်ရေး စတင်လိုလျှင် စတင်နိုင်သည်။ ယင်းလှုပ်ရှားမှုသည်ပင် အဖွဲ့အစည်း၏ လှုပ်ရှားမှု ဖြစ်သည်။

ထိုနည်းစနစ်ကို အသုံးပြုခြင်းအားဖြင့် ဘယ်သူကဘယ်နေရာမှာ ဘာလုပ်နေသည် ဆိုသောအချက်ကို စောင့်ဆိုင်းညှိနှိုင်းနေစရာမလိုတော့ချေ။ လွတ်လပ်သော ကိုယ်ပိုင် ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်။ အရေးကြီးသည်မှာ မြို့ပြပြောက်ကျားတိုက်ပွဲများ များများ

ဖော်နိုင်ဖို့ပင်ဖြစ်သည်။ ထိုသို့မြို့ပြပြောက်ကျား တိုက်ပွဲများ များများဖော်ခြင်းအားဖြင့် အစိုးရတပ်ဖွဲ့သည် ခံစစ်အခြေအနေသို့ ကျရောက်သွားစေနိုင်လေသည်။

ပစ်ခတ်ရေးအစုသည် မြို့ပြပြောက်ကျားအဖွဲ့အစည်းကြီး၏ အဖွဲ့လေးများ ဖြစ်သည်။ ပစ်ခတ်ရေးအစုသည် နည်းပရိယာယ်ချမှတ်ကာ စီမံကိန်းချသည်။ တိုက်ခိုက်သည်။

ဗဟိုကညွှန်ကြားချက်ပေးသည်မှာ ရည်ရွယ်ချက်နှင့် မဟာဗျူဟာဖြစ်သည်။ ထိုမဟာဗျူဟာအတွင်း အကျုံးဝင်သော တိုက်ခိုက်မှုများ၊ အဓိက စစ်ရေးရည်မှန်းချက်ကြီးကို ထောက်ပံ့ပေးသော တိုက်ပွဲများကို ပစ်ခတ်ရေးအစုများက ဆောင်ရွက်နိုင်သည်။ ပစ်ခတ်ရေးအစုများအတွက် လိုအပ်သော အရာကို ဖြည့်ဆည်းပေးခြင်း၊ ပစ်ခတ်ရေးအစု၏ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းအလုပ်များကို ဗဟိုကဆောင်ရွက်ပေးသည်။

မြို့ပြပြောက်ကျားအဖွဲ့ကြီးသည် ဖြိုဖျက်မရနိုင်သော ပစ်ခတ်ရေးအဖွဲ့ငယ်များ၏ ကွန်ရက်ကြီးပင်ဖြစ်သည်။ ထိုကွန်ရက်အတွင်းက အဖွဲ့များသည် ရိုးရိုးပင် တခုနှင့်တခုချိတ်ဆက် အလုပ်လုပ်ကြသည်။ မြို့ပြပြောက်ကျားအဖွဲ့ကြီး၏ ရည်မှန်း ချက်သည် စစ်အာဏာရှင်စနစ်ကို ဖြိုချရန်ပင်ဖြစ်သည်။

---

## THE LOGISTICS OF THE URBAN GUERRILLA

ထောက်ပံ့ပို့ဆောင်ရေး သို့မဟုတ် LOGISTICS

အစဉ်အလာတပ်ဖွဲ့များအတွက် ထောက်ပို့လိုအပ်ချက် LOGISTICS ကို FFEA ဖော်မျူလာဖြင့် ဖော်ပြလေ့ရှိသည်။

F - food စားနပ်ရိက္ခာ

F - fuel ဓာတ်ဆီ၊ ဒီဇယ်၊ လောင်စာ

E - equipment လက်နက်ကိရိယာ

A - ammunition လက်နက်ခဲယမ်း

ထိုသမားရိုးကျ ထောက်ပို့လိုအပ်ချက်မှာ သမားရိုးကျတပ်ဖွဲ့များ အတွက်သာဖြစ်သည်။ သမားရိုးကျ တပ်ဖွဲ့များကို ရွှေ့ပြောင်းဖို့ရာ မော်တော်ကားကြီးများ လိုသည်။ နောက်တန်းမှ ရှေ့တန်းသို့ ထရပ်ကားကြီးများဖြင့် ရိက္ခာပို့ပေးရသည်။ ဓာတ်ဆီ၊ ဒီဇယ်ဆီလိုသည်။ ထိုအရာသည် သူတို့အတွက် အဓိက လိုအပ်သော ထောက်ပို့ လိုအပ်ချက် တခုဖြစ်သည်။ မြို့ပြပြောက်ကျားတွင် ထရပ်ကားကြီးများမရှိ။ မြို့ပြပြောက်ကျားသည် စစ်တပ်ကြီးတခုမဟုတ်။ ပစ်ခတ်ရေးအစုသာ ဖြစ်သည်။ ရည်ရွယ်ချက်ရှိရှိဖြင့် မသေးသေးအောင် ခွဲခြားစိတ်ပိုင်းထားသော အစုငယ်များဖြစ်သည်။ မြို့ပြပြောက်ကျားများတွင် နောက်တန်းစခန်း ဟူသည် မရှိ။ ရှေ့တန်းကိုပို့ဆောင်ပေးရန် ထရပ်ကားကြီးများမလို။ မြို့ပြပြောက်ကျားများတွင် ပုံသေ နေရာယူထားသော အခြေစိုက် စခန်းဟူ၍မရှိ။ (ချွင်းချက်။ ။ လက်လုပ် လက်နက် စက်ရုံ ထောင်ထားလျှင်မူ ထိုစက်ရုံမှာ ပုံသေနေရာသဖွယ်ဖြစ်သည်။)

သမားရိုးကျ ထောက်ပို့လိုအပ်ချက်များမှာ အများပြည်သူကို မြို့ပြတွင်သော် လည်းကောင်း၊ ကျေးလက်တွင်သော်လည်းကောင်း ဖိနှိပ်စစ်ပွဲ ဆင်နွှဲသည့်အခါ အစိုးရအမြဲတမ်း စစ်တပ်အတွက်လိုအပ်သော အရာများဖြစ်သည်။ မြို့ပြပြောက် ကျားလိုအပ်ချက်များမှာ မတူကွဲပြားသည်။ မြို့ပြပြောက်ကျား လိုအပ်ချက်များမှာ စစ်အာဏာရှင်ကို တိုက်ခိုက်ချေမှုန်းမည့် မြို့ပြပြောက်ကျား အဖွဲ့၏ လိုအပ်ချက်များ သာဖြစ်သည်။

ကနဦးကာလတွင် မြို့ပြပြောက်ကျားအဖွဲ့မှာ ဘာမှမရှိ။ ကိုယ်လက်ကိုယ့်ခြေ ဖြင့်စတင်ကြရသည်သာတည်း။ ထို့ကြောင့် မြို့ပြပြောက်ကျားအတွက် LOGISTICS လိုအပ်ချက် MMWAE ဖြစ်သည်။

M–mechanization မော်တော်ကားအသေး သို့မဟုတ် အခြားစက်တပ်ယာဉ်

M–money ငွေ

W–weapons လက်နက်

A–ammunition ကျည်ဆံ၊ ခဲယမ်း

E–explosives ဖောက်ခွဲပစ္စည်း

မြို့ပြပြောက်ကျားများအတွက် အဦးဆုံးလိုအပ်ချက်မှာ ပေါ့ပါးသော ယာဉ်ငယ်ဖြစ်သည်။ ယာဉ်နှင့် ယာဉ်မောင်းဆိုသည်မှာ ခွဲခြားမရ။ မြို့ပြပြောက်ကျားအတွက် ယာဉ်ကိုမောင်းမည့် ဒရိုက်ဗာသည် စက်သေနတ်ပစ်သည့်စစ်သားသဖွယ်အရေးပါသည်။ မောင်းနှင်သူမရှိလျှင် စက်ယန္တရားဆိုသည်မှာ ဘာမှတန်ဖိုးမရှိ။ သက်မဲ့သက်သက် ပင်တည်း။ ကျွမ်းကျင်သော ဒရိုက်ဗာကောင်းတယောက်ဆိုသည်မှာ နေ့ချင်းညချင်း လုပ်ယူ၍ရသောအရာမဟုတ်။ အချိန်စောစောကတည်းက အချိန်ယူလေ့ကျင့်ရသည်။ မြို့ပြပြောက်ကျားအဖွဲ့ဝင်တိုင်းသည် ကျွမ်းကျင်သော ဒရိုက်ဗာဖြစ်နေဖို့လိုသည်။ လိုအပ်သော မော်တော်ကား၊ ဆိုင်ကယ်အစရှိသော ယာဉ်ငယ်ကို မြို့ပြပြောက်ကျားသည် တိုက်ခိုက်သိမ်းပိုက်ရရှိနိုင်သည်။ ကိုယ့်တွင် ငွေရှိနေပြီဆိုလျှင် ဝယ်ယူချင်လည်းယူနိုင်သည်။

မြို့ပြပြောက်ကျား ယန္တရားလည်ပတ်ဖို့အတွက် အခြားလိုအပ်သော ပစ္စည်းများ ဖြစ်သည့် ငွေ၊ လက်နက်၊ ကျည်ဆံ၊ ခဲယမ်း၊ ဖောက်ခွဲပစ္စည်းများမှာ များသောအားဖြင့် မိမိဘာသာ ရှာဖွေ စုဆောင်းယူကြရသည်ကများပါသည်။ ငွေနှင့် ဝယ်တန်ဝယ်၊ ခိုးတန်ခိုး၊ လုတန်လု၊ တိုက်တန်တိုက်ယူရသည်။

တိုက်ပွဲဆင်နွှဲကြရာတွင်လည်း ရည်ရွယ်ချက်တမျိုးတည်းအတွက် ဟူ၍ကန့် သတ်မထား။ ငွေရဖို့ ဘဏ်ကို စီးသည်ဆိုသော်လည်း လုံခြုံရေးထံတွင် သေနတ်တွေ့လျှင် သိမ်းယူခဲ့သည်သာ။ ပြောက်ကျားအဖွဲ့အတွက် ပထမဆုံးခြေလှမ်း မှာ ရန်သူထံမှ တိုက်ခိုက်သိမ်းယူခြင်းဖြစ်သည်။

ဒုတိယခြေလှမ်းမှာ တိုက်ခိုက်ခြင်းနှင့် ထောက်ပို့ပစ္စည်းများပိုမိုရရှိအောင် စုဆောင်းခြင်း ဖြစ်သည်။ ခြံခိုတိုက်ခိုက်ခြင်း၊ ထောင်ခြောက်ဆင်တိုက်ခိုက်ခြင်း၊ အငိုက်ဖမ်း တိုက်ခိုက်ခြင်း နည်းလမ်းများဖြင့် ရန်သူ့ထံမှ လက်နက်၊ ကျည်ဆံ၊ မော်တော်ကားနှင့် တခြားလိုအပ်သော အရာများကို တိုက်ခိုက်လုယူရသည်။

လက်နက်၊ ကျည်ဆံ၊ ဖောက်ခွဲပစ္စည်းများရလာပြီဆိုရင် အလွန်ခက်ခဲသော နောက်ထပ်တကယ့် **logistic** ပြဿနာကိုကြုံတွေ့ရတော့သည်။ ယင်းကား အခြားမဟုတ်။ ထိုအရာများကို ဖွက်ထားဖို့ နေရာဖြစ်သည်။ တနေရာမှ တနေရာ ရွှေ့ပြောင်းဖို့ နည်းလမ်း ဖြစ်သည်။ ရန်သူက ပိုက်စိပ်တိုက်ရှာဖွေနေသော အချိန်မျိုးမှာပင် ထိုအလုပ်မျိုးလုပ်ဖို့ လိုအပ်ချက်က ရှိနေတတ်သည်။

ထိုလုပ်ငန်းများလုပ်ဆောင်ရန်အတွက် နယ်မြေကျွမ်းကျင်ဖို့လိုသည်။ တခါတရံတွင် နယ်မြေကျွမ်းကျင်သူများကို ငွေးရမ်းအသုံးပြုရတာမျိုးလည်း လိုအပ်တတ်သည်။

---

## CHARACTERISTICS OF THE URBAN GUERRILLA'S TACTICS

### မြို့ပြပြောက်ကျားနည်းဗျူဟာ၏ သွင်ပြင်လက္ခဏာများ

မြို့ပြပြောက်ကျား နည်းဗျူဟာများတွင် အောက်ပါ လက္ခဏာရပ်များရှိသည်။

၁။ ပြင်းထန်ရန်လိုသော သဘောရှိသည်။ တနည်းပြောရလျှင်ထိုးစစ် လက္ခဏာ ဖြစ်သည်။ မြို့ပြပြောက်ကျားသည် အစဉ်အမြဲ ပြင်းထန်သော တိုက်စစ်ကိုသာဆင်နွှဲသည်။ ခံစစ်ဆိုသည်မှာ မြို့ပြပြောက်ကျားအတွက် သေစေနိုင်သောအရာပင်ဖြစ်သည်။ မြို့ပြပြောက်ကျားသည် ရန်သူထက် လက်နက်အင်အား နိမ့်ကျစမြဲ။ အခြေခံစခန်းဟူ၍လည်းမရှိ။ အခြားအရံ အင်အားများ လည်းမရှိ။ ထို့ကြောင့် ရန်သူ မျောက်ဝံကြီးများ၏ တိုက်ခိုက်မှုကို အသေနေရာယူ၍ ခံစစ်မဆင်နွှဲနိုင်။ ထို့ကြောင့် မြို့ပြပြောက်ကျားတို့သည် နေရာတနေရာကို အသေတပ်စွဲပြီး ထိုနေရာမှ ခုခံခြင်းမျိုးကို ဘယ်တော့မှ မလုပ်။ မိမိနေရာကို ရန်သူက လာရောက်တိုက်ခိုက်မှာကို ဘယ်တော့မှ ထိုင်စောင့်ရိုးမရှိချေ။

၂။ ကိုယ့်အင်အားကို ထိခိုက်ဆုံးရှုံးမှုမရှိစေရန် အမြန်တိုက်၊ အမြန်ဆုတ်သော နည်းဗျူဟာ ကို သုံးသည်။ ရန်သူက အားကြီးပြီး မိမိက အားနည်းခြင်းဟူသော လက္ခဏာရပ်က ပြဌာန်းမှု ကြောင့် ထိုးစစ်ကို အသုံးပြုခြင်း မြန်မြန်တိုက်မြန်မြန်ဆုတ်နည်းလမ်းကို အသုံးပြုခြင်းဖြစ်သည်။

၃။ မြို့ပြပြောက်ကျားက တော်လှန်စစ်ပွဲတွင် အရေးပါသည့် ကျေးလက်ပြောက်ကျားကို ကူညီပံ့ပိုးရန်လိုအပ်သည့်အခါတွင် ရန်သူတပ်ဖွဲ့ကို မောပန်းအားကုန် လာအောင်၊ စိတ်ဓာတ် ကျအောင်၊ နှောင့်ယှက်သည့်အလုပ်ကို လုပ်သည်။

## THE INITIAL ADVANTAGES OF THE URBAN GUERRILLA

### လက်ဦးမှုယူခြင်း၏ အကျိုးကျေးဇူးများ

မြို့ပြပြောက်ကျားသည် စစ်အာဏာရှင်တို့၏ စစ်တပ်နှင့် ရဲအဖွဲ့ကို အံတုရင်ဆိုင်ရတာဖြစ်သည်။ ရဲနှင့် စစ်တပ်သည် မြို့ပြပြောက်ကျားများထက် အင်အား သာလွန်သည်။ ထို့ကြောင့် မြို့ပြပြောက်ကျားများသည် အမြဲတန်းကိုယ်က စတင်ထိုးစစ်ဆင်သူဖြစ်နေဖို့ အရေးကြီးသည်။ သို့မှသာ လက်ဦးမှုရသူ၏ အကျိုးကျေးဇူးကို ခံစားရမည်။

စစ်ပွဲတိုင်းတွင် လက်ဦးမှုရအောင် အစွမ်းကုန် ကြိုးစားကြသည်။ လက်ဦးမှုဆိုသည်မှာ စစ်၏ လွတ်လပ်မှု ဖြစ်သည်။ လက်ဦးမှုဆုံးရှုံးရသူက ခံစစ်ဘဝကျရောက်သွားရသည်။ ခံစစ်ဘဝ ကျရောက်သည်နှင့် လွတ်လပ်မှု ဆုံးရှုံးပြီး အချေမှုန်းခံရမည့် အန္တရာယ်ကျရောက်လာသည်။

ပြောက်ကျားစစ်သည် လက်ဦးမှု အလွန်အရေးကြီးသည်။ ပြောက်ကျားစစ်တွင် နောက်တန်း မရှိ။ လက်နက်အင် အားမမီ။ တခါတရံတွင် အတွေ့အကြုံကလည်း ရန်သူကို မမီ။ ထို့ကြောင့် လက်ဦးမှုနှင့် လျင်မြန်မှုကို အဓိက အားထားရသည်။

ရန်သူသည် သူ့အင်အားကို စုစည်းပြီး အင်အားသုံးစုပြုတိုက်ခိုက်သောနည်းကို သုံးလိမ့်မည်။ မြို့ပြပြောက်ကျားသည် လက်ဦးမှု၏ အခွင့်သာခြင်းကို ကောင်းကောင်း အသုံးချနိုင်မှသာ ကိုယ့်အားနည်းချက်ကို ထေနိုင်မည်။

လက်ဦးမှုရဲ့ အခွင့်သာခြင်းတွေကား အဘယ်နည်း။

၁။ လျှပ်တပြက် အငိုက်ဖမ်းတိုက်ခိုက်ရမည်။

၂။ ကိုယ်ကနယ်မြေပိုကျွမ်းရမည်။

၃။ ရဲနှင့် စစ်တပ်ထက် ပိုမိုလျှင်မြန်စွာ ရွေ့ပြောင်းနိုင်ရမည်။

၄။ သတင်းအချက်အလက် ကိုယ့်ဖက်က ပိုသိထားရမည်။

၅။ အမိန့်ပေးသူ၊ အတူတိုက်ခိုက်သူများသည် တွေဝေနှောင့်နှေးနေခြင်း မရှိစေရ။ အခြားတဖက်တွင် ရန်သူသည် အငိုက်ဖမ်းတိုက်ခိုက်ခံရသောကြောင့် အံ့အားသင့်ကာ ဘာလုပ်ရမှန်းမသိဖြစ်နေလိမ့်မည်။

---

## SURPRISE

လျှပ်တပြက် အငိုက်ဖမ်းခြင်း

မိမိထက်အင်အားသာလွန်သော ရန်သူကို ယှဉ်ရန် မြို့ပြပြောက်ကျား တို့သည် လျှပ်တပြက် အငိုက်ဖမ်း စီးနင်းတိုက်ခိုက်ခြင်း ပြုလုပ်ရမည်။ ရန်သူ မျှော်လင့်မထားသော တိုက်ကွက်ဖြင့် အိုးနင်းခွက်နင်းဖြစ်အောင် ချေမှုန်းရမည်။

မည်သည့် ပြောက်ကျားစစ်ဆင်ရေးတွင်မဆို အောင်မြင်မှုရရန် အငိုက်ဖမ်း တိုက်ခိုက်ခြင်း မုချလိုအပ်သည် ။

လျှပ်တပြက် အငိုက်ဖမ်း တိုက်ခိုက်ခြင်း နည်းဗျူဟာကို အဓိကကျသော လိုအပ်ချက် ၄ ချက်ပေါ်မှာ အခြေခံထားသည် ။

၁။ မိမိတိုက်မည့် ရန်သူ့အခြေအနေကို သိနေရမည်။ တိကျခိုင်မာသော သတင်း အချက်အလက်များရအောင်စုဆောင်းခြင်း၊ အသေးစိတ် ခရေစေ့တွင်းကျ လေ့လာ အကဲခပ် စူးစမ်းခြင်း နည်းဖြင့် ရန်သူ့အခြေအနေကိုသိနိုင်သည်။ ရန်သူကတော့ သူတို့အတိုက်ခံရတော့မှာကို ကြိုတင် မရိပ်မိစေရ။ တိုက်ခိုက်မည့်သူများအကြောင်းကိုလည်း တစိုးတစိမျှ မသိစေရ။

၂။ မိမိ တိုက်မည့် ရန်သူ့အင်အားကိုသိနေရမည်။ ရန်သူက မိမိအင်အားကို မသိစေရ ။

၃။ လျှပ်တပြက် အငိုက်ဖမ်းတိုက်ခိုက်ရမည်။ ရန်သူ ပြန်မတိုက်နိုင်ခင် မိမိအင်အားကို ထိန်းသိမ်းပြီး ဆုတ်နိုင်ရမည်။

၄ ။ စီးနင်းဝင်ရောက်မည့် အချိန်နှင့်နေရာကို တွက်ချက် ဆုံးဖြတ် ထားရမည်။ တိုက်ပွဲကြာမြင့်ချိန် ကို အတိအကျ သတ်မှတ်ထားပြီး ရည်မှန်းချက် မြဲမြဲ ရမည်။

## KNOWLEDGE OF THE TERRAIN

မြေပြင်အနေအထား ကျွမ်းကျင်မှု

မြို့ပြပြောက်ကျားအတွက် အကောင်းဆုံးမိတ်ဆွေမှာပထဝီအနေအထားဖြစ်သည်။ ထို့ကြောင့် သူစစ်ဆင်မည့် နယ်မြေအနေအထားကို မြို့ပြပြောက်ကျားတဦးသည် သူ့လက်ဖဝါးပေါ်က အရေးအကြောင်းများကို သိသလိုသိနေဖို့လိုသည်။

မြင့်လိုက်နိမ့်လိုက် မြေအနေအထား၊ ချိုင့်များ ၊ အကွေ့များ၊ ချုံနွယ်ပိတ်ပေါင်းများ၊ လျှို့ဝှက်လမ်းကြောင်းများ စသည်ဖြင့်ရှိနေသော မြေပြင်အနေအထားကို ဉာဏ်ဖြင့် မည်သို့ အသုံးပြုရမည်ကို နားလည် တတ်ကျွမ်းနေရမည် ဖြစ်သည် ။

မြေပြင်အနေအထား ကျွမ်းကျင်မှုကို စစ်ဆင်ရေး အောင်မြင်ရန်၊ ခွာစစ်ဆင်ရန်၊ ရှောင်ရှားရန်၊ အကာအကွယ်ယူရန်၊ ပုန်းခိုရန်တို့အတွက် ကောင်းစွာ အသုံးချနိုင်သည် ။

သေနိုင်လောက်သည့် အမှားမျိုး ရှောင်ရှားနိုင်ရန် အလို့ငှာ ချောင်ပိတ်မိနိုင်သည့် နေရာများ၊ ရန်သူ့အကွက်အကွင်းကျနိုင်သည့် နေရာများ၊ ချောက်များ၊ ပြင်နေသည့်လမ်းများ၊ စစ်ဆေးရေး ဂိတ်များ၊ ကန့်သတ်ထားသော လမ်းများ၊ လိုဏ်ခေါင်း အဝင်အထွက်များ၊ ရဲစောင့်ကြည့်နိုင်သည့် လမ်းဒေါင့်များ၊ မီးပွိုင့်၊ စီစီတီဗွီရှိသည့်နေရာများ စသည်တို့ကို ကြေကြေညက်ညက် လေ့လာသိရှိထားရမည်။

ကျွန်ုပ်တို့၏ ပြဿနာသည် ရန်သူကို မျက်ခြေဖြတ်ပြီး မည်သည့်နေရာတွင် မည်သို့ ပုန်းရမည် ဆိုသည့် ပြဿနာ ဖြစ်သည်။ ထို့ကြောင့် လမ်းမ၊ လမ်းသွယ်၊ လမ်းကြို လမ်းကြား၊ နောက်ဖေး လမ်းကြား၊ ဖြတ်လမ်း၊ မြေအောက်စကြံလမ်း၊ စသည်တို့ကို အကျွမ်းဝင်နေအောင် လေ့လာထားရန် လိုသည်။

မြေပြင်အနေအထားကျွမ်းကျင်မှုကြောင့် မြို့ပြပြောက်ကျားတို့သည် ခြေလျှင်ဖြင့် ဖြစ်စေ၊ စက်ဘီးဖြင့် ဖြစ်စေ၊ ကားဖြင့် ဖြစ်စေ၊ ကုန်တင်ကားဖြင့် ဖြစ်စေ ဖြတ်ကျော် နိုင်ပြီး မည်သို့မျှ ထောင်ချောက် မမိနိုင်ပေ။ ၎င်း အပြင် ပြန်ဆုံရန် အချိန် နှင့် နေရာ ကို ကြိုတင်၍ သတ်မှတ်နိုင်သည်။ ရန်သူ့ အတားအဆီးကို ရှောင်တိမ်းနိုင်သည်။ ရန်သူ ကို မျက်စိလည်အောင် လုပ်နိုင်သည်။

မြို့ပြပြောက်ကျားများသုံးသည့် ဝက်ပါလို ရှုပ်ထွေးသည့် ပထဝီအနေအထားမျိုးတွင် ရဲများ အနေဖြင့် သူတို့မမြင်ရသူကို ဖမ်းဆီးဖို့ဆိုသည်မှာ မဖြစ်နိုင်ပေ။ သူတို့မဖမ်းနိုင်သူကို နှိပ်စက်ဖို့ဆိုသည်မှာ မဖြစ်နိုင်ပေ။ သူတို့ရှာမတွေ့သူကို ချောင်းမြောင်းဖို့လည်း မဖြစ်နိုင်ပေ။

ကျွန်ုပ်တို့၏ အတွေ့အကြုံအရ အကောင်းဆုံးပြောက်ကျားဟူသည်မှာ ထိုမြို့တွင်နေထိုင်ပြီး လမ်းအားလုံး၊ အနီးနားပတ်ဝန်းကျင်၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို ကျေညက် သေချာစွာ သိရှိထားသူပင်ဖြစ်သည်။ လမ်းမကျွမ်း၊ နယ်မြေမကျွမ်းသူ နယ်စိမ်း ပြောက်ကျား တယောက်ကို စစ်ဆင်ရေးတွင် တာဝန်ပေးခဲ့ရလျှင် ထိုတယောက်သည် ပျော့ကွက်ဖြစ်သည်။ ထိုသူသည် ကျန်ရဲဘော်များကိုပါ အန္တရာယ်ဖြစ်စေနိုင်သည်။ ကြီးကျယ်သောအမှားမျိုးကို ရှောင်ရှားနိုင်ရန်အလို့ငှာ ထိုသူအား လမ်းအနေအထားများကို သိရှိအောင် ကြိုတင်လေ့လာ ခိုင်းထားဖို့လိုပါမည်။

---

## MOBILITY AND SPEED

လျှင်မြန်စွာ ရွေ့ပြောင်းနိုင်မှု

မြို့ပြပြောက်ကျား များသည် ရန်သူ လိုက်မမှီစေရန် လျှင်မြန်စွာ ရွေ့ပြောင်းနိုင်စွမ်း ရှိရမည်။

လျှင်မြန်စွာရွေ့ပြောင်းနိုင်စွမ်း အတွက် အောက်ပါတို့ လိုအပ်သည် ။

၁။ စက်တပ်ယာဉ်ငယ်

၂။ မြေပြင်အနေအထား ကျွမ်းကျင်ခြင်း။

၃။ ရန်သူ့ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖျက်ဆီးခြင်း ၊ နှောင့်နှေးအောင်လုပ်ခြင်း။

၄။ ပေါ့ပါးသည့် လက်နက်ကရိယာ ကိုင်ဆောင်ခြင်း   တို့ဖြစ်သည်။

သတိပြုရမည့်အချက်မှာ စစ်ဆင်ရေးအချိန် တိုတောင်းရမည်။ စက်တပ်ယာဉ်ဖြင့် ဆုတ်ခွာရမည်။ အဖမ်းခံရခြင်းမှ လွတ်မြောက်အောင် တဟုန်ထိုး ဆုတ်ခွာ နိုင်ရမည်။ ယာဉ်ပိတ်ဆို့နေသည့် လမ်းထဲပြေးမိခြင်း၊ ထွက်ပေါက်မရှိသည့် နောက်ဖေးလမ်းကြားထဲ ပြေးမိခြင်းမျိုး မဖြစ်စေရန် ကြိုတင်၍ အစီအစဉ်အတိုင်း လေ့ကျင့် ထားဖို့ လိုသည်။

ရဲသည် ပြောက်ကျားများပြေးမည့်လမ်းကြောင်းကို မသိဘဲ မှန်းဆလိုက်ကြရသည်။ ပြောက်ကျားများသည် နယ်မြေကျွမ်းနေလျှင် လျှင်မြန်စွာလွတ်မြောက်သွားပြီး ရဲများ မျက်ခြေပြတ်ကာ လက်လျှော့သွားကြရတတ်သည်။

ပြောက်ကျားများသည် သူတို့စစ်ဆင်ရေးကို ရဲများ ယာဉ်ရထား အလွယ်မရနိုင်သည့်နေရာမျိုးတွင် စီစဉ်သင့်သည်။ ထိုနည်းစနစ်၏ အားသာချက်မှာ လွတ်မြောက်ဖို့ အခွင့်အလမ်းပိုများခြင်းဖြစ်သည်။

GPS အသုံးပြုနောက်ယောင်ခံခြင်း၊ ဆက်သွယ်ရေးစက်များ၊ မိုဘိုင်းဖုံးများအသုံးပြုပြီး ရှေ့ကကြိုတင်ဟန့်တားပိတ်ဆို့နိုင်ခြင်းများကိုရှောင်ရှားနိုင်အောင် ထည့်သွင်းစဉ်းစား တွက်ချက်ရမည်။ ထိုအချက်များသည် ကားလို့စ် မာရီဂယ်လာ ဤစာတမ်းရေးသားစဉ်က မပေါ်ပေါက်သေးသော နည်းပညာများဖြစ်သည်။ မိမိတို့အနေဖြင့် သေသေချာချာစုပေါင်းစဉ်းစားပြီး နည်းနာသစ်များ ကြံဆဖြည့်စွက်သင့်သည်။

မိမိတို့နှင့်ပတ်သက်သော သဲလွန်စများမကျန်ရစ်ဘဲ စိတ်ချဘေးကင်းစွာ လွတ်မြောက်နိုင်စေရန် အောက်ပါ နည်းလမ်းများအသုံးပြုသင့်သည်။

၁။ နောက်ကလိုက်မည့် ရဲကားများကို တခြားယာဉ်များဖြင့်ကြားဖြတ်ခြင်း၊ မတော်တဆဖြစ်လေဟန်ဖြင့် ယာဉ်တိုက်မှုများဖန်တီးခြင်း။ ထိုသို့လုပ်မည်ဆိုလျှင် ကားနံပါတ်များကို အစစ်မသုံးဘဲ ကြိုတင်ပြီး အတုတပ်ဆင်ထားသင့်သည်။

၂။ လမ်းပေါ်တွင် သစ်ပင်၊ ကျောက်တုံးပိတ်ဆို့ထားခြင်း၊ လမ်ကိုတူးထားခြင်း၊ လမ်းပြအမှတ်အသားများ ပြောင်းလဲထားခြင်းအစရှိသည့် လိမ္မာပါးနပ်သော နည်းလမ်းအဖုံဖုံအသုံးပြုနိုင်သည်။

၃။ ရဲလိုက်လာမည့်လမ်းတွင် အိမ်လုပ်မိုင်းထောင်ထားခြင်း၊ ဓာတ်ဆီပုလင်းဗုံးနှင့် အခြားလက်လုံးဗုံး များအသုံးပြီး ရဲကားများမီးလောင်ကျွမ်းအောင်လုပ်ခြင်း။

၄။ ဆက်တိုက်ပစ်ခတ်နိုင်သော ဆပ်မရှင်းဂန်းများဖြင့်ပစ်ခတ်ခြင်း၊ FAL ကဲ့သို့သော လက်နက် အသုံးပြုကာ ပုလိပ်ကား၏ မော်တာ၊ ကားတာယာ အစရှိသောအစိတ်အပိုင်းများကို ပစ်ခတ်ခြင်း။

ရန်သူရဲအဖွဲ့သည် သူတို့သုံးစွဲနေကျဖြစ်သော စစ်သုံးပစ္စည်းများဖြစ်သည့် လေးလံသော သေနတ်များ လေးလံသောကိရိယာတန်ဆာပလာများဖြင့် သဲကြီးမဲကြီးလိုက်လိမ့်မည်။ မြို့ပြပြောက်ကျားများက ပေ့ါပါးသောလက်နက်ဖြင့် လျှင်မြန်စွာရွေ့လျားနိုင်သောကြောင့် ရဲထက်ပိုမြန်ပိုသွက်ကာ လွတ်မြောက်သွား လိမ့်မည်။ မြို့ပြပြောက်ကျား၏ အလုပ်မှာ မြန်မြန်တိုက်မြန်မြန်ဆုတ်ရေးမှတပါး တခြားမရှိချေ။ ထိုအလုပ်အ တွက်သာ လေ့ကျင့်ထားသူများလည်း ဖြစ်သည်။ မြို့ပြပြောက်ကျားသည် လေးလံသောလက်နက်များ များပြားသောကျည်ပိုများကို လိုသည်ထက်ပိုမသယ်မိဖို့ အထူးဂရုပြုရမည်။ ထိုအရာများသည် မိမိတို့အတွက် အလွန်အဖိုးတန်သော လျှင်မြန်စွာရွေ့လျားနိုင်စွမ်းကို အားနည်းပျော့ညံ့စေလိမ့်မည်။

ရန်သူကမြင်းစီးရဲတပ်ဖွဲ့အသုံးပြုလျှင် မိမိတို့က စက်တပ်ယာဉ်အသုံးပြုခြင်းဖြင့် အခွင့်သာနိုင်သည်။ မော်တော်ကားသည်မြင်းထက်မြန်သည်။ ရန်သူကလည်း မော်တော်ကားကိုအသုံးပြုလျှင် အခြားကားဖြင့် ကြားဖြတ်ခြင်း၊ ဆပ်မရှင်းဂန်အသုံးပြုခြင်း၊ ဓာတ်ဆီပုလင်းဗုံး၊ လက်လုပ်မိုင်း အသုံးပြုခြင်းတို့ကို ပေါင်းစပ် ရမည်။ (ယခုခေတ်တွင် မြင်းစီးရဲအဖွဲ့အသုံးပြုခြင်းမရှိတော့သလောက်ဖြစ်သည်။ ဘရာဇီးတွင်ထိုခေတ်က မြင်းစီးပုလိပ်များအသုံးပြုသောကြောင့် မြင်းစီးပုလိပ်ဟန့်တားနည်းများထည့်ထားသည်ကို ခွင်းချန်ခဲ့ပါမည်။)

ရဲအဖွဲ့က ရဟတ်ယာဉ်အသုံးပြုလာနိုင်သောအချက်ကို ကြိုတင်ထည့်သွင်းစဉ်းစား ထားရမည်။ ရဟတ်ယာဉ်များက ကားထက်မြန်သည်။ တနာရီ ကီလိုမီတာ ၂၀၀ ကို အသာလေးမောင်းနှင်နိုင်သည်။ သို့သော် ရဟတ်ယာဉ်ပေါ်မှ အမြင့်မှနေ၍ လမ်းပေါ်ကလူများယာဉ်များအကြားကိုပစ်ခတ်ဖို့ဆိုသည်မှာ လွယ်ကူသော အလုပ် မဟုတ်ချေ။ မော်တော်ကားလမ်းပေါ် ဆင်းဖို့ကလည်း သိပ်မလွယ်ကူပါ။ ပစ်ကွင်းကောင်းအောင် နိမ့်နိမ့်ဆင်း ပျံသန်းခဲ့လျှင် မိမိကလည်း အောက်ကနေ ပြန်ပစ်ခတ်နိုင်သော အခွင့်အရေးရနိုင်သည်။ ထိုအခါ ရဟတ်ယာဉ်အတွက် အလွန်အန္တရာယ်ကြီးသော အခြေအနေအောက်ကျရောက်သွားနိုင်ပေသည်။

## **INFORMATION**

သတင်းရယူခြင်း

လူထု၏ ထောက်ခံမှုရလေလေ၊ အောင်မြင်မှုအခွင့်အလမ်းများလေလေ၊ ရန်သူ စစ်အာဏာရှင် အစိုးရအနေနှင့် မြို့ပြပြောက်ကျားများကို ရှာဖွေဖော်ထုတ် ချေမှုန်းနိုင်ဖို့ ခက်လေလေဖြစ်သည်။

အစိုးရဆန့်ကျင်သော ပြည်သူများ၏ အခန်းကဏ္ဍမှာ အရေးပါသည်။ အစိုးရကို ဆန့်ကျင်သော ပြည်သူများသည် ရဲနှင့် စစ်တပ်၏ လှုပ်ရှားမှုကို သတင်း ပေးပို့ကူညီကြသည်ဖြစ်ရာ သူတို့၏ အခန်းကဏ္ဍမှာ လွန်စွာအရေးပါသည်။ ပြည်သူ များသည် ပြောက်ကျားများ ကိုလည်းကြိုတင်သတင်းပေးကာ အကာအကွယ်ပေးခြင်း များပြုလုပ် ပေးနိုင်သည်။ ရဲနှင့်စစ်တပ်သည် မတရားမှု ရက်စက်မှုများစွာကို ကျူးလွန် ထားသောကြောင့် လူထုက ၄င်းတို့ကို မုန်းနေကြပြီဖြစ်သည်။

မိမိတို့၏ ထောက်လှမ်းရေး လုပ်ငန်းကို ဖန်တီးထားရန် လိုအပ်သည်။ မြို့ပြ ပြောက်ကျားများအနေဖြင့် ရန်သူ၏ အစီအစဉ်၊ ရန်သူ၏ ရွေ့လျားမှုကို သိရှိနေရန်မှာ အလွန်အရေးကြီးလှပါသည်။ စစ်အာဏာရှင်တို့၏ ဘဏ်လုပ်ငန်းကွန်ရက်၊ ဆက်သွယ်ရေး နည်းလမ်း၊ လျှို့ဝှက်လုပ်ဆောင်ချက်များကို သိရှိနိုင်ဖို့လိုသည်။ မြို့ပြ ပြောက်ကျားများထံ သတင်းပေါက်ကြားခြင်းသည် အစိုးရစစ်တပ်အတွက် ကြီးမားသော ထိုးနှက်ချက်ကြီးပင်ဖြစ်သည်။ အရေးကြီး သတင်းများပေါက်ကြားခဲ့လျှင် အစိုးရတပ်ဖွဲ့သည် ဘယ်နည်းနှင့်မဆို အချေမှုန်းခံရမည်သာဖြစ်သည်။

မြို့ပြပြောက်ကျားများက ဘာတွေကြံစည်နေကြသည်ဆိုသည်ကို ရန်သူက လည်း သိချင်သည်။ သို့မှသာ သူတို့ကိုယ်သူတို့ ကာကွယ်နိုင်မည်။ ပြောက်ကျားများကို ချေမှုန်းနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့ကို သစ္စာဖောက်ကာ ရန်သူကို သတင်းပေးမည့် အန္တရာယ်မှာ သိပ်ကြီးမားလှသည်။ ပြောက်ကျားအဖွဲ့ အတွင်းသို့ သူလျှိုထိုးဖောက်ဝင်ရောက်လာမည့် အန္တရာယ်မှာလည်း သိပ်ကြီးမားလှသည်။ ရန်သူ၏ ထိုနည်းပရိယာယ်များကို ပြန်လည် တိုက်ခိုက်ရမည့် နည်းလမ်းမှာ သူလျှိုများ၊ သစ္စာဖောက်များ၊ သတင်းပေးများကို လူသိရှင်ကြား ဖော်ထုတ်ရှုတ်ချဖို့ ဖြစ်သည်။ မြို့ပြပြောက်ကျားလှုပ်ရှားမှုသည် လူထုကို အခြေခံဆောင်ရွက်ရသည်ဖြစ်ရာ လူထုထောက်ခံမှု၏ အခန်းကဏ္ဍမှာ အလွန်အရေးပါသည်။ စစ်အာဏာရှင်သည် ရက်စက်သောကြောင့်၊ အကျင့်ပျက်ခိုးယူသောကြောင့်၊ တကိုယ်ကောင်း ပြုမူ သောကြောင့် နာမည်ပျက် ထားပြီးပြီဖြစ်သည်။ ထို့ကြောင့် သတင်းပေးများ၊

သူလျှိုများ၊ သစ္စာဖောက်များသည်လည်း ပြည်သူ့ရန်သူများဖြစ်သည်။ ထိုသူများသည် ပြည်သူ ထောက်ခံမှု မရဘဲနှင့် မကြီးထွားနိုင်။ ထိုသူများကို သင့်တော်သော ပြစ်ဒဏ်ပေးမှုများလည်း လုပ်ဖို့လိုသည်။

ထိုအခြေအနေမျိုးကြုံကြိုက်လာလျှင်ပြောက်ကျားတော်လှန်ရေးသမားသည် မိမိတာဝန်ကို ရှောင်လွှဲ၍မရပေ။ ဘယ်သူကသူလျှို၊ ဘယ်သူကသတင်းပေးဆိုသည်ကို သိလျှင်သိခြင်း အပျောက်ရှင်းရန် တာဝန်ရှိပေသည်။ ဤနည်းသည် ပြည်သူတို့ လက်ခံအတည်ပြုထားပြီးသော နည်းလမ်းဖြစ်သည်။ မိမိအဖွဲ့အတွင်း တိတ်တဆိတ်ခိုးဝင်ပြီး သတင်းပေးခြင်း၊ သူလျှိုလုပ်ခြင်းကို အနည်းဆုံးဖြစ်အောင် ဤနည်းဖြင့်သာဖြေရှင်းနိုင်သည်။

ရန်သူ့သူလျှို၊ ရန်သူသတင်းပေးများအပေါ်တွင် ပြည့်ပြည့်ဝဝအောင်ပွဲရနိုင်ရန်မှာ တန်ပြန်သူလျှိုလုပ်ငန်း၊ တန်ပြန်ထောက်လှမ်းရေးလုပ်ငန်းလိုအပ်သည်။ သတင်း အချက်အလက် သည် အရေးကြီးသည်။ ထို့ကြောင့် ရန် သူများ နေရာရွှေ့ပြောင်းသွားလာမှုကိုသိရန်၊ ရန်သူ့သူလျှိုကို သိရန်သာမက ပို၍ကျယ်ပြန့်သင့်သည်။ နယ်ပယ် အားလုံးကို လွှမ်းခြုံသော သတင်းရယူမှုဖြစ်သင့်သည်။ မိမိပတ်ဝန်းကျင် လူထုအတွင်းမှ သတင်းများကို အစဉ်အမြဲ နားစွင့်ထားသင့်သည်။ မြို့ပြပြောက်ကျားကောင်းတယောက်သည် ဘယ်သောအခါမှ နမော်နမဲ့ မနေ။ တော်လှန်ရေးသတိအမြဲရှိနေရသည်။ နားမျက်စိအမြဲဖွင့်ထားရသည်။ အာရုံငါးပါး အမြဲ ထက်မြက်နေရသည်။ စာဖြင့် ရေးမှတ်စရာမလိုဘဲ မှတ်ဉာဏ်ဖြင့်မှတ်မိနေအောင် လေ့ကျင့်ထားရသည်။

သတင်းစာများ၊ သတင်းများကို သေသေချာချာဂရုစိုက်ဖတ်ရှုပြီး မိမိအတွက် အသုံးဝင်မည့် အချက်အလက်များကို စိစစ်ထုတ်တတ်ရမည်။ သတင်းများကို မျက်စိပါး၊ နားပါးစွာ ရယူတတ်ခြင်း သတင်းများကို စိစစ်သုံးသပ်တတ်ခြင်းသည်လည်း လိုအပ်သော အရည်အချင်းတရပ်ဖြစ်သည်။

---

## DECISIVENESS

ဆုံးဖြတ်နိုင်စွမ်း

အငိုက်ဖမ်းတိုက်ခိုက်ခြင်း၊ လျှင်မြန်ခြင်း၊ နယ်မြေကျွမ်းကျင်ခြင်း၊ သတင်းရယူခြင်းတို့နှင့်မလုံလောက်သေး။ ဆုံးဖြတ်ချက်ချနိုင်စွမ်းကလည်း အရေးကြီးသေးသည်။ ဆုံးဖြတ်ချက်ချနိုင်စွမ်းမရှိလျှင် တခြားရှိထားသောအရည်အချင်းအားလုံး အဟောသိ ကံဖြစ်သွားနိုင်သည်။

ကောင်းမွန်စွာကြိုတင်စီစဉ်ထားစေကာမူ ပြောက်ကျားရဲဘော်အနေနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းမရှိလျှင်၊ မပြတ်မသားတွေဝေနေလျှင် လှုပ်ရှားမှု အကောင်အထည်ဖော်ရန် မဖြစ်နိုင်ပေ။ လှုပ်ရှားမှု စတင်ပြီးဖြစ်စေကာမူ တိုက်ပွဲတဝက်တွင် ဆုံးဖြတ်ချက်၊ ညွှန်ကြားချက်တုံ့ဆိုင်းသွားခဲ့လျှင် အရှုံးနှင့် ရင်ဆိုင်ရနိုင်သေးသည်။ ဆုံးဖြတ်ချက်တုံ့ဆိုင်းတွေဝေသွားလျှင် ရန်သူသည် ထိုအချက်ကို အခွင့်ကောင်းယူကာ အနိုင်ရသွားနိုင်ပေသည်။

အခြေအနေ တရပ်သည် ရှင်းလင်း သည်ဖြစ်စေ၊ ရှုပ်ထွေးသည်ဖြစ်စေ၊ လွယ်ကူသည်ဖြစ်စေ၊ ခက်ခဲသည်ဖြစ်စေ တိုက်ပွဲတိုင်းအတွက် အောင်နိုင်ရေးလျှို့ဝှက်ချက်မှာ သန္နိဋ္ဌာန်ခိုင်မာမှုအပေါ်တွင်မူတည်သည်ဟူသောအချက်ဖြစ်သည်။ အကယ်စင်စစ် ရိုးရှင်းလွယ်ကူသော စစ်ဆင်ရေးဟူ၍မရှိချေ။ စစ်ဆင်ရေးတိုင်းသည် အခက်အခဲဆုံးဟုမှတ်ယူကာ အမြဲသတိထားဆောင်ရွက်ရန်လိုသည်သာ။ အခြေအနေတိုင်းသည် ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်နိုင်စွမ်းရည်အပေါ်တွင် မူတည်နေပေသည်။

ကြိုတင်ပြင်ဆင်မှုကာလအတွင်း မိမိအဖွဲ့သားများ၏ ပြုမူဆောင်ရွက်ပုံကို ကြည့်ကာ စစ်ဆင်ရေးတခု အောင်မြင်မည်မအောင်မြင်မည်ကို ကြိုသိနိုင်ပေသည်။ နောက်ကျတတ်သူ၊ တာဝန်ပေးထားသော ဆက်သွယ်ရန်အလုပ်များကို ပျက်ကွက်တတ်သူ၊ အလွယ်တကူစိတ်ရှုပ်ထွေးတတ်သူ၊ မေ့လျော့တတ်သူ၊ ဆောင်ရွက်ရမည့် အခြေခံလုပ်ငန်းတာဝန်များကို မပြီးစီးသူမျိုးသည် ဆုံးဖြတ်နိုင်စွမ်းမရှိသူမျိုးဖြစ်နိုင်ခြေများသည်။ ထိုသူမျိုးသည် အန္တရာယ်ရှိ၏။ သူတို့ပါသည်ထက် မပါသည်က ပိုကောင်း၏။

ဆုံးဖြတ်နိုင်စွမ်းရှိမှုဟူသည် ပြတ်သားသောပိုင်းဖြတ်မှုဖြင့် ရေးဆွဲထားသော စီမံကိန်းကိုကြိုတင်လေ့ကျင့်ခြင်းဖြင့်ရနိုင်၏။ တယောက်တွေဝေလျှင် အကုန်ကျဆုံးသွားနိုင်ပေသည်။

## OBJECTIVES OF THE GUERRILLA'S ACTIONS

### မြို့ပြပြောက်ကျားလှုပ်ရှားရခြင်း၏ ရည်ရွယ်ချက်များ

၁။ နိုင်ငံ၏ စက်မှုလက်မှု၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဓလေ့ထုံးတမ်းဆိုင်ရာ၊ စစ်ရေးနဲ့ ရဲတပ်ဆိုင်ရာ အခြေစိုက်သည့် ဒေသများကို ခြိမ်းခြောက်ရန်။

၂။ မြို့ပြပြောက်ကျား အခြေစိုက်ရာဒေသအတွင်းရှိ ရန်သူစစ်အာဏာရှင်၏ လုံခြုံရေးစနစ်ကို အားပျော့ချိနဲ့သွားအောင်လုပ်ရန်။ ရန်သူစစ်တပ်သည် အမြဲတန်းခံစစ် အနေအထား ပြင်ဆင်ထားရသည့် အခြေအနေ ဆိုက်ရောက်သွားအောင် ချုပ်ကိုင်ထားရန်။ ဗျူဟာကျသည့် အချက်အချာနေရာများကို မြို့ပြပြောက်ကျားများက ဝင်ရောက်တိုက်ခိုက်မှာစိုးရိမ်သည့်အတွက် ရန်သူသည် ထိုနေရာများမှ မထွက်ခွာ မရွေ့လျား၊ မလှုပ်ရှားနိုင်ဘဲ ဘယ်အချိန်တွင်၊ ဘယ်နေရာကလာပြီး ဘယ်လိုတိုက်ခိုက်မည်မှန်းမသိသည့် မြို့ပြပြောက်ကျားများကို အသင့်ပြင် စောင့်ဆိုင်းနေရသည့်အဖြစ်သို့ရောက်သွားစေရန်။

၃။ အရွယ်အစားသေးငယ်သော၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လွတ်လပ်စွာ စစ်ဆင်ရေး စီမံကိန်းရေးဆွဲပြင်ဆင် ထားသော သီးခြားပစ်ခတ်ရေး အစုငယ်များဖြင့် နေရာအနှံ့အပြားကို ထိုးစစ်ဆင်တိုက်ခိုက်ရန်။ ထိုသို့နေရာအနှံ့ ထိုးစစ်ဆင်တိုက်ခိုက်ခြင်းအားဖြင့် အစိုးရ စစ်တပ်များကို တစုတစည်းတည်းမထားနိုင်ဘဲ အကွဲကွဲအပြားပြားဖြစ်သွား စေရန်။

၄။ စစ်အာဏာရှင်ကို တိုက်ခိုက်ရာတွင် မိမိတို့၏တိုက်ရည်ခိုက်ရည်၊ ဆုံးဖြတ်ချက်ခိုင်မာမှု၊ သန္နိဋ္ဌာန်ခိုင်မာမှု၊ ဖွဲ့ရှိမှုများကို ထင်ထင်ရှားရှား သက်သေပြနိုင်ပြီး အခြားသော လက်နက်ကိုင်ပုန်ကန်သူများကပါ မိမိတို့ နမူနာကို အတုယူလိုက်ပါလာပြီး မြို့ပြပြောက်ကျား နည်းစနစ်များအသုံးပြုတိုက်ခိုက်လာကြစေရန်။ ထိုအခါ အစိုးရစစ်တပ်သည် သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ မြို့ပြပြောက်ကျားများကို ရပ်တန့်အောင် မစွမ်းဆောင်နိုင်ဘဲ ဖြစ်လာမည်။ အချိန်အများအပြား၊ အင်အားအများအပြား အသုံးပြုလာကြရမည်။ အချက်အချာကျသော အစိုးရပိုင် ခရိုနီပိုင်စက်မှုလုပ်ငန်းများ၊ လက်နက်ဂိုထောင်များ၊ စစ်လက်နက်ထုတ်လုပ်သည့် စက်ရုံများ၊ စစ်တန်းလျားများ၊ အကျဉ်းထောင်များ၊ ရဲဘက်စခန်းများ၊ တိုက်ခိုက်သင့်သော အစိုးရရုံးများ၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားဌာနများ၊ အချို့သော ကုန်တင်ကုန်ချဆိပ်ကမ်းများ၊

စစ်ဆေးရုံများ၊ အဆင့်မြင့်အရာရှိများအိမ်များ၊ ဝန်ကြီးနှင့်ဗိုလ်ချုပ်များ၏ နေအိမ်နှင့် မိသားစုဝင်များ၊ ရဲစခန်းများ၊ အစရှိသည်တို့အားလုံးတွင် အစောင့်ချထားရသည့်ဘဝသို့ ဆိုက်ရောက်သွားစေရန်။

၅။ အငိုက်ဖမ်းတိုက်ခိုက်မှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်လာနိုင်သည်အထိ အရှိန်တိုးမြှင့်သွားရန်။ အစိုးရစစ်တပ်အနေဖြင့် မြို့ပြပြောက်ကျားများကို ထားရစ်ပြီး လွတ်မြောက်နယ်မြေတွင် အခြေစိုက်သည့် ကျေးလက်ပြောက်ကျားများထံ သွားရောက်စစ်ဆင်ဖို့ မဖြစ်နိုင်တော့လောက်သည့်အခြေအနေထိ ရောက်လာအောင် အနှောင့်အယှက်ပေးထားရန်။ မြို့ပြပြောက်ကျားများကို ချန်ထားပြီး လွတ်မြောက်ဒေသသို့တပ်များ သွားရောက်လျှင် မြို့ကိုအသိမ်းခံရမှာစိုးရိမ်ပူပန်ရသည့် အနေအထားအထိရောက်သွားအောင် လုပ်ဆောင်ရန်။

၆။ စစ်သားရဲသားများ၊ စစ်ဗိုလ်ရဲဗိုလ်များအနေဖြင့် နောက်တန်းစစ်တန်းလျားသို့ ပြန်ရောက်သည့်အချိန်မှာပင် အေးအေးလူလူ၊ သက်တောင့်သက်သာ အနားမယူနိုင်ဘဲ ဘယ်အချိန်မှာ မြို့ပြပြောက်ကျားတွေက လာတိုက်ခိုက်ဦး မလဲဟု စိုးရိမ်ပူပန်နေရသော အခြေအနေဆိုက်ရောက်စေရန်။ သို့မဟုတ် သဲလွန်စပျောက်နေသော မြို့ပြပြောက်ကျားများကို လိုက်လံရှာဖွေရင်း အချိန်ကုန်ဆုံးစေရန်။

၇။ အစိုးရစစ်တပ်နှင့် ထိပ်တိုက်ပြောင်မရင်ဆိုင်ဘဲ အချိန်တို၊ လျှင်မြန်သောတိုက်ခိုက်မှုများကို မြန်မြန်လုပ်ပြီး မြန်မြန်ဆုတ်ခွာရှောင်တိမ်းရန်။ မိမိလှုပ်ရှားတိုက်ခိုက်မှုကို မကြာရှည်စေဘဲ မူလကတည်းက ဆုံးဖြတ်ကန့်သတ်ထားရန်။

၈။ မြို့ပြပြောက်ကျား၏ လွတ်လပ်စွာလှုပ်ရှားနိုင်စွမ်းကို အမြင့်ဆုံးလွတ်လပ်မှုဖြစ်လာအောင် တိုးမြှင့်ရန်၊ လက်နက်ကိုင်တော်လှန်ရေးကို ဘယ်တော့မှစွန့်လွှတ်စရာမလိုအောင် ခိုင်မာလာစေရန်၊ တနိုင်ငံလုံးလွတ်မြောက်ရေး အတွက် လွတ်မြောက်ဒေသများထူထောင်မည့် ကျေးလက်ပြောက်ကျားများ ထူထောင်တိုးချဲ့ရေးအတွက် မြို့ပြပြောက်ကျားက တဖက်တလမ်းမှ အထောက်အကူဖြစ်စေရန်။

## ON THE TYPES AND NATURE OF MISSIONS FOR THE URBAN GUERRILLA

### မြို့ပြပြောက်ကျားတိုက်ပွဲပုံစံအမျိုးမျိုး၊ တိုက်ပွဲသဘာဝအမျိုးမျိုး

စောစောကဖော်ပြခဲ့သော ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရန်အတွက် မြို့ပြပြောက်ကျားများသည် အမျိုးအစား အဖုံဖုံ စုံနိုင်သမျှစုံလင်သော နည်းလမ်းများ အသုံးပြုတိုက်ခိုက်ရမည်။ အသွင်အမျိုးသဏ္ဍာန်အဖုံဖုံဖြစ်နိုင်လေ၊ ကောင်းလေ၊ ရန်သူကခန့်မှန်းရခက်လေပင်ဖြစ်သည်။ မြို့ပြပြောက်ကျားသည် နည်းပရိယာယ်ကို အသေမထားရ။ ဒါမလုပ်နဲ့ ဒါလုပ်ဟုပုံသေနည်းဆန်ဆန် အသေဆုပ်ကိုင်ထားခြင်းမျိုးကို ရှောင်ရှားရမည်။ တချို့လှုပ်ရှားမှုများသည် ရိုးရှင်းကာ၊ တချို့လှုပ်ရှားမှုများက ရှုပ်ထွေးလိမ့်မည်။ ထိုသို့ဖြစ်နေခြင်းသည်ကောင်းသည်။ မကျွမ်းကျင်သေးသော မြို့ပြပြောက်ကျားများသည် လွယ်ကူရှင်းလင်းသော ပိုမိုသေချာသော တိုက်ပွဲများနှင့်စတင်ကာ အတွေ့အကြုံပိုမိုရင့်ကျက်လာမှ ရှုပ်ထွေးသော စစ်ဆင်ရေးများ ဆင်နွှဲသင့်သည်။

တိုက်ပွဲမစတင်မီ မြို့ပြပြောက်ကျားများသည် တိုက်ခိုက်မည့်နည်းလမ်းနှင့် ပါဝင်မည့်လူများကို သေသေချာချာ အစီအစဉ်ချဆောင်ရွက်ရမည်။ မြို့ပြပြောက်ကျား စစ်ဆင်ရေးနှင့် လှုပ်ရှားမှုများ၊ နည်းနာပိုင်းဆိုင်ရာပြင်ဆင်ဆောင်ရွက်မှုများကို လုပ်ဆောင်မည့်သူသည် နည်းပရိယာယ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကင်းမဲ့သူ မဖြစ်စေရ။

ထိုသို့ကြိုတင်စဉ်းစားပြင်ဆင်ပြီးလျှင် အောက်ပါဆောင်ရွက်ချက်များကို ပြုလုပ်ရမည်။

၁။ တိုက်ခိုက်ခြင်း၊ ချေမှုန်းခြင်း assaults

၂။ စီးနင်းခြင်း၊ ထိုးဖောက်ခြင်း raids and penetrations

၃။ သိမ်းပိုက်ခြင်း occupations

၄။ ချုံခိုတိုက်ခိုက်ခြင်း ambushes

၅။ လမ်းပေါ်တိုက်ပွဲများ street tactics

၆။ သပိတ်တိုက်ပွဲနှင့် လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းအောင်လုပ်သည့်တိုက်ပွဲများ strikes and work stoppages

၇။ လက်နက်၊ ခဲယမ်းမီးကျောက်၊ ဖောက်ခွဲပစ္စည်းများ သိမ်းပိုက်ခြင်း

၈။ အကျဉ်းသားလွတ်မြောက်ရေးတိုက်ပွဲ

၉။ လုပ်ကြံသတ်ဖြတ်ရေး

၁၀။ ပြန်ပေးဆွဲခြင်း

၁၁။ ရန်သူ့အဆောက်အဦ၊ ပိုင်ဆိုင်ပစ္စည်း၊ ရန်သူ့အကြံအစည်များကို ဖျက်ဆီးရေးတိုက်ပွဲ sabotage

၁၂။ အကြမ်းဖက်ခြောက်လှန့်ခြင်း

၁၃။ လက်နက်ကိုင်တော်လှန်ရေးဝါဒဖြန့်တိုက်ပွဲ

၁၄။ စိတ်ဓာတ်စစ်ဆင်ရေး war of nerves

---

## ASSAULTS

### ထိုးစစ်ဆင်တိုက်ခိုက်ခြင်း

ဘဏ္ဍာငွေရရှိရန်၊ အကျဉ်းသားလွတ်မြောက်ရန်၊ ဖောက်ခွဲပစ္စည်းများလုယူသိမ်းပိုက်ရန်၊ ဆက်မရှင်းဂန်းများလုယူရန်၊ တခြားလက်နက်နှင့် ခဲယမ်းမီးကျောက်များ လုယူရန်အတွက် တိုက်ခိုက်မှုများကို ဆောင်ရွက်လေ့ရှိသည်။ တိုက်ခိုက်မှုများကို နေ့ခင်းကြောင်တောင်တွင်ဖြစ်စေ၊ ညအချိန်တွင်ဖြစ်စေ ပြုလုပ်နိုင်သည်။ ညအချိန်တွင် ပြုလုပ်ရန်အဆင်မပြေသည့်အခါမှသာ နေ့အချိန်တိုက်ခိုက်မှုလုပ်လေ့ရှိကြသည်။ ဥပမာ ဘဏ်များက နေ့ခင်းတွင် ငွေရွှေ့ပြောင်းသယ်ပို့သည်ကို ဖြတ်လုသည့်အခါမျိုးတွင် သူတို့ရွေးသည့်အချိန်ကိုယ်ကတိုက်မှ ဖြစ်လိမ့်မည်။

ပုံမှန်အားဖြင့် ညတိုက်ပွဲသည် ပြောက်ကျားအတွက် ပိုအကျိုးရှိသည်။ တိုက်ခိုက်မှုအများစုကို ညအချိန်တွင်တိုက်လျှင်ကောင်းသည်။ ရန်သူမထင်မှတ်သောအချိန်တွင် အလစ်အငိုက် တိုက်ခိုက်လိုလျှင်မူ နေ့အချိန်တွင်တိုက်နိုင်သည်။ ညအချိန်တိုက်ခြင်း၏ အကျိုးကျေးဇူးမှာ တိုက်ခိုက်သူကို ရန်သူကမှတ်မိဖော်ထုတ်နိုင်ဖို့ ပိုခက်သည်။ ရှောင်လို့၊ ပုန်းလို့ ပိုလွယ်သည်။

နေ့တိုက်ပွဲဖြစ်စေ၊ ညတိုက်ပွဲဖြစ်စေ၊ ကြိုတင်ပြင်ဆင်မှုလိုအပ်သည်။

ပျော့ကွက်ရှိသော ပစ်မှတ်ကောင်းများမှာ

၁။ ဘဏ်နှင့်ငွေကြေးဆိုင်ရာအဆောင်အဦများ (ဘဏ်ကိုတိုက်သင့်မတိုက်သင့် စဉ်းစားသင့်။ အရပ်သားများကိုထိခိုက်မှုမရှိစေသင့်။ လူထုထောက်ခံမှုကို မဆုံးရှုံးစေသင့်။ လူထုထောက်ခံမှုမဆုံးရှုံးရေးသည် အဓိကကျသောအချက်ဖြစ်သည်။)

၂။ လက်နက်စက်ရုံများအပါအဝင်ဖြစ်သော ကုန်သွယ်၊ စက်မှုလုပ်ငန်းများ

၃။ စစ်တပ်နှင့်သက်ဆိုင်သမျှအားလုံး

၄။ ရဲနှင့်တိုက်ခိုက်သင့်သောအစိုးရလုပ်ငန်းတချို့

၅။ အကျဉ်းထောင်များ

၆။ အစိုးရပိုင်ဆိုင်သောအရာများ

၇။ ရန်သူနှင့်ဆိုင်သော မီဒီယာလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းများ

၈။ အစိုးရယာဉ်ရထားများ။ စစ်ဘက်ဆိုင်ရာ၊ ရဲဘက်ဆိုင်ရာ ယာဉ်ရထားများ။ ရိက္ခာနှင့် ထောက်ပို့ ပစ္စည်းသယ်ဆောင်သည့် ယာဉ်တန်းများ။ စစ်ကားများ။ စစ်ရဟတ်ယာဉ်၊ လေယာဉ်များ။

အစိုးရအဆောက်အဦများ၊ စီးပွားရေးအဆောက်အဦများကို တိုက်ခိုက်ခြင်းနည်းပရိယာယ်မှာ ယေဘုယျအားဖြင့် အတူတူဖြစ်သည်။

ယာဉ်တန်းများ၊ ယာဉ်ရထားများကို တိုက်ခိုက်ခြင်းက သဘာဝအားဖြင့်ခြားနားသည်။ ထိုအရာများ သည် ရွေ့လျားနေသောပစ်မှတ်ဖြစ်သည်။ ပစ်မှတ်သည် ငြိမ်နေသလား၊ ရွေ့နေသလား ဆိုသည့် အချက်ပေါ်တွင် နည်းပရိယာယ်ကွာခြားနိုင်သည်။ လမ်းကြောင်းနှင့်

အခြေအနေပေါ်မူတည်ပြီး နည်းပရိယာယ်ကို ချမှတ်နိုင်သည်။ စစ်ကားများ၊ သံချပ်ကာကား၊ တင့်ကားများကို မိုင်းထောင် တိုက်ခိုက်နိုင်သည်။ လမ်းပိတ်ဆို့အောင်လုပ်နိုင်သည်။ တံတားချိုးနိုင်သည်။ ထောက်ခြောက်ဆင် နိုင်သည်။ လုညှ့်စားနိုင်သည်။ ဖြတ်တိုက်နိုင်သည်။ ဓာတ်ဆီပုလင်းဗုံးသုံးနိုင်သည်။ ကျည်အားသုံး ပြီး အဆက်မပြတ်ဖိပစ်တာမျိုးလုပ်နိုင်သည်။ ထိုနည်းများသည် ယာဉ်တန်းကို တိုက်ခိုက်ရာတွင် ထိရောက်သော နည်းပရိယာယ်များဖြစ်သည်။ လေယာဉ်များကို ပြန်ပေးဆွဲနိုင်သည်။ သင်္ဘောများ၊ မီးရထားများကို တိုက်ခိုက်ကာ လက်နက်နှင့် ခဲယမ်းမီးကျောက်များ သိမ်းပိုက်ခြင်း၊ တပ်နေရာရွှေ့ပြောင်းမှုကို ဟန့်တားနှောင့်ယှက်ခြင်း များပြုနိုင်သည်။

---

## THE BANK ASSAULT AS POPULAR MISSION

### ဘဏ်များကိုတိုက်ခိုက်ခြင်းသည် ဘရာဇီးတွင်ပေါ်ပြူလာဖြစ်ခဲ့

ဘရာဇီးတွင် ပေါ်ပြူလာအဖြစ်ဆုံး၊ အကျော်ကြားဆုံးတိုက်ခိုက်ခြင်းတခုမှာ ဘဏ်ကို စီးနင်းခြင်း ဖြစ်သည်။ ဘဏ်ကိုစီးနင်းတိုက်ခိုက်ခြင်းကို မြို့ပြပြောက်ကျားအတွက် လူသစ်များ လေ့ကျင့်တိုက်ခိုက်ရန်နည်းလမ်း အဖြစ်ပင် အသုံးပြုလေ့ရှိသည်။

ဘဏ်များကိုတိုက်ခိုက်ခြင်း နည်းနာများမှာ အသစ်တီထွင်ဖြည့်စွက်ခြင်းများဖြင့် တိုးတက်၍ပင် လာနေသည်။ လွတ်မြောက်ဖို့ အာမခံချက်ရှိသောနည်းလမ်း၊ ငွေကြေးသိမ်းပိုက်ရယူနိုင်သော နည်းလမ်း၊ တိုက်ခိုက်သူဘယ်သူဘယ်ဝါဆိုတာ မဖော်ထုတ်နိုင်သောနည်းလမ်းများ တီထွင် အသုံးပြုလျက်ရှိသည်။ ကားဘီးကို ပစ်ခတ်ဖောက်ခွဲခြင်း၊ ဘဏ်ရှိအခန်းတခုတည်းတွင် လူအများ ကိုသော့ခပ်ဖမ်းဆီးထားခြင်း၊ ကြမ်းပြင်ပေါ်တွင်ထိုင်ခိုင်းထားခြင်း၊ ဘဏ်လုံခြုံရေးများကို ထိန်းထားခြင်း၊ လက်နက်သိမ်းထားခြင်း၊ မီးခံသေတ္တာများကို ကိုယ်တိုင်မဖောက်ဘဲ တစုံတယောက်ကို ကိုယ်စားဖွင့်ခိုင်းခြင်း။

ရန်သူ၏ နည်းပညာပြောင်းလဲသည်နှင့်အမျှ ပြောက်ကျားတို့၏ နည်းနာပြောင်းလဲဖို့လိုပါသည်။ ဤစာအုပ်ရေးသားသောအချိန်သည် စီစီတီဗီကင်မရာများ မပေါ်ပေါက်သေးခင် ကာလက ဖြစ်သည်။

(ဘရာဇီးတွင်ထိုခေတ်ထိုအခါက ဘဏ်ကိုတိုက်ခိုက်ခြင်းသည် ပေါ်ပြူလာအဖြစ်ဆုံး နည်းဗျူဟာဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ယခုခေတ်၌ သုံးရန်သင့်မသင့်ဆိုသည်ကို အထူးသံသယ ဖြစ်မိသည်။ ခရိုနီဘဏ်များ၊ စစ်အာဏာရှင်အုပ်စုပိုင်ဘဏ်များကို ညအခါဝင်ရောက်စီး နင်းခြင်းမျိုးမှာ သင့်တော်သည်ဟု ဆိုနိုင်ပါလိမ့်မည်။ နေ့အချိန်စီးနင်းတိုက်ခိုက်လျှင် သင့်တော်မည်ဟု မထင်ပါ။ ဘဏ်တွင် သာမန်အရပ်သားများ အချိန်ပြည့်ရှိနေနိုင်သည်။ အရပ်သားများကို ထိခိုက်နိုင်သည်။ အပြစ်မဲ့ပြည်သူများကို ထိခိုက်စေမည့်လုပ်ရပ်များအား မြို့ပြပြောက်ကျားများ ရှောင်ကြဉ်ရမည်။ အရပ်သားများ အသက်ဆုံးရှုံးထိခိုက်လျှင် လူထုထောက်ခံမှု ကျဆင်းစေနိုင်သည်။ ပြည်သူကို အခြေခံသော ပြည်သူကို အကျိုးပြုရန်ရည်ရွယ်သော မိမိတို့၏ မူလနိုင်ငံရေးရည်မှန်းချက်နှင့်လည်း ဝိရောဓိဖြစ်နိုင်သည်။)

---

## RAIDS AND PENETRATIONS

### စီးနင်းခြင်း၊ ဖောက်ထွင်းဝင်ရောက်ခြင်း raids and penetrations

စီးနင်းခြင်းနှင့်ထိုးဖောက်ခြင်းမှာ ပြောက်ကျားတို့သည် မိမိအနီးအနားနေရာများကို လျှပ်တပြက် တိုက်ခိုက်ခြင်းဖြစ်သည်။ မြို့လယ်ခေါင်မှာပင်ဖြစ်စေကာမူ ထိုသို့တိုက်ခိုက်မှုမျိုးကို လုပ်နိုင်သည်။ စစ်သား ၄ ယောက် ၅ ယောက် ကင်းစခန်းချထားသောနေရာများ၊ ရဲကင်းစခန်းများ၊ စစ်ဆေးရုံများ၊ အစရှိသည့်နေရာမျိုးကို တိုက်ခိုက်နိုင်သည်။ တိုက်ခိုက်သော ရည်ရွယ်ချက်မှာ ဒုက္ခပေးရန်၊ နှောင့်ယှက်ရန်၊ လက်နက်လုယူရန်၊ ရန်သူကိုဒဏ်ခတ်ရန်၊ ရန်သူကိုခြောက်လှန့်ရန်၊ လက်စားချေတုံ့ပြန်ရန်၊ အဖမ်းခံထားရသူကို ကယ်တင်ရန်၊ ရဲအစောင့်အရှောက်နှင့် ဆေးရုံတက်နေရသူကို ကယ်တင်ရန် စသည်ဖြင့် အမျိုးမျိုး ဖြစ်နိုင်ပါသည်။ စစ်အာဏာရှင်ကုမ္ပဏီ များဖြစ်သည့် ဦးပိုင်၊ MEC၊ စစ်ဆွေစစ်မျိုးကုမ္ပဏီ၊ စစ်ခရိုနီကုမ္ပဏီများ၏ ဂိုဒေါင်များ၊ ဆိပ်ကမ်းများ အစရှိသည်တို့ကိုလည်း စီးနင်းခြင်း၊ ဖောက်ထွင်းဝင်ရောက်ခြင်းများ ပြုလုပ်နိုင်သည်။ ထိုတိုက်ခိုက်မှုမျိုးကို စစ်မြှူရန်အတွက်လည်း ရံဖန်ရံခါ ဆောင်ရွက်သည်။ တိုက်ခိုက်မှု ဖြစ်သော နေရာသို့ ရန်သူစစ်တပ်သည်

အလုံးအရင်းနှင့်ရောက်ရှိလာအောင် ဆွဲဆောင်ခြင်းမျိုးဖြစ်သည်။ ရန်သူများအလုံးအရင်းနှင့် တကယ်ရောက်ရှိလာချိန်တွင် တိုက်စရာလူမရှိဘဲ ဖြစ်နေစေရမည်။

အချို့သော လူနေအိမ်၊ ရုံးခန်းများကိုမူ စာရွက်စာတမ်းများ ရယူရန်၊ ဖွင့်ချရန်အတွက်လည်း တိုက်ခိုက်သည်။ ရန်သူစစ်အာဏာရှင်တို့၏ စာရွက်စာတမ်းများကို ရရှိခြင်းအားဖြင့် ၎င်းတို့၏ အကျင့်ပျက်မှု၊ လာဘ်စားမှု၊ မတရားသော စာချုပ်စာတမ်း၊ ရာဇဝတ်မှုမြောက်သော တိတ်တဆိတ်လုပ်ရပ်များကို ဖော်ထုတ်ဖွင့်ချနိုင်ခြင်းများရှိတတ်သည်။ စီးနင်းခြင်း၊ ဖောက်ထွင်းဝင်ရောက်ခြင်းများကို ညအချိန်ပြုလုပ်လျှင် အသင့်တော်ဆုံးဖြစ်သည်။

---

## OCCUPATIONS

### သိမ်းပိုက်ခြင်း

သိမ်းပိုက်ခြင်းကို အထူးလိုအပ်ချက်အရ ဆောင်ရွက်လေ့ရှိသည်။ ဝါဒဖြန့်ချိရေး အလို့ငှာလည်း သိမ်းပိုက်တတ်သည်။ သပိတ်နှင့် လူထုဆန္ဒပြပွဲများဖြစ်ပွားနေစဉ် စက်ရုံများ၊ ကျောင်းများကို ယာယီသိမ်းပိုင်ထားခြင်းမျိုးကို ဆန္ဒပြခြင်း နည်းလမ်းတခုအဖြစ်သော်လည်းကောင်း ရန်သူကို အာရုံထွေပြားအောင် လှည့်စားရန်အတွက် အာရုံပြောင်းရန်အတွက်သော်လည်းကောင်း ပြုလုပ်တတ်သည်။ ရေဒီယို၊ ရုပ်မြင်သံကြားဌာနများ သိမ်းပိုက်ခြင်းကိုမူ ဝါဒဖြန့်ချိရေး ရည်ရွယ်ချက်ဖြင့် ပြုလုပ်တတ်သည်။

သိမ်းပိုက်ခြင်းသည် အလွန်ထိရောက်သော နည်းလမ်းတခုဖြစ်သည်။ သို့သော်ကျွန်ုပ်တို့ တပ်ဖွဲ့များ လူအင်အား၊ လက်နက်အင်အားဆုံးရှုံးမှုမရှိစေရန် နောက်မကျဘဲ ဆုတ်ခွာနိုင်ဖို့ အရေးကြီးသည်။ ထို့အတွက် ကောင်းစွာကြိုတင် စီစဉ်ထားဖို့လိုသည်။ သိမ်းပိုက်မှုမှန်သမျှတွင် အချိန်အကန့်အသတ် ရှိရမည်။ ရည်မှန်းချက်ပေါက်မြောက်ပြီးလျှင် မြန်မြန်ဆုတ်ခွာနိုင်လေ ကောင်းလေဖြစ်သည်။

---

## AMBUSH

ချုံခိုတိုက်ခိုက်ခြင်း

ချုံခိုတိုက်ခိုက်ခြင်းသည်လည်း အငိုက်ဖမ်းလုပ်ဆောင်ရသော တိုက်ခိုက်ခြင်းမျိုးဖြစ်သည်။ လမ်းပေါ်တွင် ရန်သူကို ချောင်ပိတ်တိုက်ခိုက်သည်။ အိမ်တအိမ်၊ အဆောက်အဦ တခုကို ဝန်းရံကာကွယ်နေသော ရဲအဖွဲ့ကို ချောင်ပိတ်တိုက်ခိုက်သည်။ မီးအချက်ပေးခေါင်းလောင်း၊ မီးလှန့်သံချောင်းများကို အသုံးပြုအာရုံလွှဲကာ ရန်သူကို ချောင်ပိတ်တိုက်ခိုက်နိုင်သည်။

ချုံခိုတိုက်ခိုက်ခြင်း၏ ရည်ရွယ်ချက်မှာ များသောအားဖြင့် လက်နက်နှင့် ခဲယမ်းမီးကျောက် လုယူရန်ဖြစ်သည်။ ထိုသို့လုယူရင်း ရန်သူ့ဘက်သားများကို ဒဏ်ခတ်သတ်ဖြတ်ခြင်းများဆောင် ရွက်တတ်သည်။ မီးရထားကို လမ်းမှဖြတ်တားချုံခိုတိုက်ခိုက်ခြင်းမှာ ဝါဒဖြန့်ချိရေး ရည်ရွယ်ချက် ဖြင့် ဆောင်ရွက်သည်ကပိုများသည်။ မီးရထားသည် စစ်တပ်၏ တပ်အရွှေ့အပြောင်းလုပ်သော မီးရထားဖြစ်လျှင် ချုံခိုတိုက်ခိုက်ခြင်း၏ ရည်ရွယ်ချက်သည် ချေမှုန်းခြင်းနှင့် လက်နက်သိမ်းပိုက် ရေး နှစ်ခုစလုံးပင်ဖြစ်သည်။ မြို့ပြပြောက်ကျား စနိုက်ပါသမားများသည် ချုံခိုတိုက်ပွဲအတွက် အထူးဆီလျော်သူဖြစ်သည်။ အကြောင်းမူ ချုံခိုတိုက်ပွဲများတွင် စနိုက်ပါသမားအတွက် ပုန်းခိုရန် လွယ်ကူသော နယ်မြေအနေအထားများ ရရှိတတ်သောကြောင့်ဖြစ်သည်။ တောအုပ်၊ အိမ်ခေါင်မိုး၊ တိုက်ခေါင်မိုး၊ အထပ်မြင့်အဆောက်အဦများ၏ ခေါင်မိုး၊ ဆောက်လုပ်ဆဲ အဆောက်အဦများသည် စနိုက်ပါသမားများအတွက် ပုန်းခိုစရာနေရာကောင်းများဖြစ်သည်။ ပြတင်းများ၊ အမှောင်ထုများ ကြားမှနေ၍ ပစ်မှတ်ကိုချိန်ရွယ်ချောင်းမြောင်းတိုက်ခိုက်နိုင်သည်။

ချုံခိုတိုက်ပွဲသည် ရန်သူကို တုန်လှုပ်ခြောက်ခြားအောင် ပြုလုပ်နိုင်သည်။

---

## STREET TACTICS

### လမ်းကြားတိုက်ပွဲပရိယာယ်များ

ပြည်သူလူထုပူးပေါင်းအားကိုရယူကာ လမ်းကြားများအတွင်းတွင် ပြည်သူနှင့် ရန်သူတိုက်ပွဲဆင်ရေး နည်းပရိယာယ်များကို အသုံးပြုသည်။

၁၉၆၈ ခုနှစ်တွင် ဘရာဇီးကျောင်းသားများသည် လမ်းကြားတိုက်ပွဲနည်းပရိယာယ်များကို လှလှပပ အသုံးပြုကာ ရဲတပ်ဖွဲ့ကို တိုက်ခိုက်ခဲ့သည်။ ကျောင်းသားများသည် ဆန္ဒပြရင်းမှသည် လမ်းကြားများအတွင်းဝင်ပြေးကြသည်။ လမ်းကြားများအတွင်းသို့ ရဲတပ်ဖွဲ့ကဝင်လိုက်လာသော အခါ အသင့်စောင့်ဆိုင်းနေသူများက လေးခွများ၊ ဂျင်ဂလိများနှင့် ဆီးကြိုပစ်ခတ်ကြသည်။

လမ်းကြားတိုက်ပွဲနည်းပရိယာယ်တွင် ပါဝင်သော အခြားနည်းတခုမှာ လမ်းများကိုပိတ်ဆို့ခြင်းဖြစ်သည်။ လမ်းပေါ်တွင် ပလက်ဖောင်းကျောက်ပြားများကို ထောင်ပြီး ပိတ်ဆို့ထားကြသည်။ ယူကရိန်းနိုင်ငံတွင် ဆန္ဒပြသူများမှာ သဲအိတ်များကို စုပုံပြီးလမ်းကိုပိတ်ဆို့ထားကြသည်။ မြန်မာနိုင်ငံတွင်လည်း ယခု ၂၀၂၁ ခုနှစ် ဆန္ဒပြပွဲအတွင်းတွင် သဲအိတ်များစုပုံလမ်းပိတ်ထားသည်ကိုတွေ့ရသည်။ သို့သော် ယူကရိန်းနိုင်ငံက လမ်းပိတ်ဆို့မှုကပိုကြီးသည်။ ပိုခိုင်ခန့်သည်။ သဲအိတ်များကို လူ့အရပ်သုံးပြန်လောက်အထိ စုပုံထားသည်။ အချို့နေရာများတွင် သံများ၊ အင်္ဂတေများဖို့ထားသည်။ အပေါ်တွင် လူရပ်ပြီးခုခံပစ်ခတ်ဖို့ အဆင့်တွေပင်လုပ်ထားသေးသည်။ မန္တလေးနန်းတွင်းတွင် မြေကြီးတွေဖို့ထားပုံနှင့် အတန်ဆင်တူသည်။ တကယ့်ခံတပ်ကြီး၊ အုတ်တံတိုင်းကြီးသဖွယ်ဖြစ်သည်။

ထိုသို့ဖို့ထားသော ခံတပ်ကြီးအတွင်းမှနေ၍ ဓာတ်ဆီပုလင်းဗုံးများ၊ အုတ်ခဲများ၊ ကျောက်ခဲများ၊ တခြားလက်နက်များဖြင့် ပစ်ခတ်ကြသည်။

အချို့က အဆောက်အဦးများ၊ တိုက်အိမ်များ၏ခေါင်မိုးပေါ်တွင် နေရာယူထားကြသည်။ ခေါင်မိုးပေါ် နေရာယူထားကြသူများသည် ဆုတ်လမ်း၊ ပြေးလမ်းကိုပါ တခါတည်း ပြင်ဆင်ထားရန်လိုသည်။ အလစ်အငိုက်တိုက်မည့်နေရာ၊ ပုန်းခိုမည့်နေရာ စသည်တို့ကို ကြိုတင်အစီအစဉ်ရေးဆွဲထားနိုင်လျှင်ပိုကောင်းသည်။

မြန်မာပြည်အခြေအနေနှင့်ပတ်သက်သော ဖြည့်စွက်ချက်

၂၀၂၁ မြန်မာနွေဦးလှုပ်ရှားမှုတွင် အချို့နေရာ၌ ဓာတ်ဆီထည့်ထားသော ပုစီပေါင်းများဖြင့် ရဲကို ပစ်ခတ်ကြသောအခါ ရဲများရှေ့ဆက်မတိုးရဲဘဲ ပြန်ဆုတ်သွားသော ဖြစ်စဉ်မျိုးရှိခဲ့သည်။ ဓာတ်ဆီစို စွတ်နေသောရဲများကို လူထုက မီးတင်ရှို့လိုက်မှာ ကြောက်သောကြောင့်ဖြစ်သည်။ မီးသီးဟောင်းထဲတွင် အက်ဆစ်ထည့်ကာ ထိုအက်ဆစ်ဖန်သီးဖြင့်ပစ်သောနည်းကိုလည်း အသုံးပြုနိုင်သည်။ သို့သော်မည်သည့် အတိုင်းအတာအထိ အကြမ်းဖက်တုံ့ပြန်မည်ဟူသော အချက်မှာ အလေးအနက်စဉ်းစားထိုက်သည်။ တဖက်ရန်သူတွင် သေနတ်ရှိသည်။ အတိုင်းအဆ မရှိ လူမဆန်သောစိတ်ဓာတ်ရှိသည်။ ဥပဒေကိုလုံးဝအလေးမထား။ သတ်ချင်သလိုသတ်၊ ဖြတ်ချင် သလိုဖြတ်နေသော အနေအထားတွင် ကိုယ့်ဘက်က သုံးမည့်အင်အားနှင့် ရန်သူကတုံ့ပြန်လာမည့် အခြေအနေကို ချင့်ချိန်တွက်ဆသင့်သည်။

မိမိတွင် အသင့်ပြင်ဆင်ထားသော သေနတ်ကိုင် မြို့ပြပြောက်ကျားများ ရှိနေလျှင် အစွမ်းကုန်တိုက်ခိုက်သည်မှာ အကြောင်းမဟုတ်။ လက်နက်မဲ့ပြည်သူကို သေနတ်နှင့် ပစ်ခတ်သတ်ဖြတ်သော ရန်သူရဲနှင့်စစ်သားတို့အား မလုပ်ကောင်းသော အရာဟူ၍ကား မရှိ။ အစွမ်းကုန်တိုက်ခိုက် နိုင်သည်။ ဘယ်လိုတိုက်တိုက် တရားသည်။ စဉ်းစားတွက်ချက် ချင့်ချိန်ရမည် ဆိုသည်မှာ မိမိတွင် ရန်သူနှင့် ယှဉ်ပြိုင်နိုင်သော သေနတ်မရှိလျှင် စဉ်းစားဖို့လိုသည်ကို ထောက်ပြ ခြင်းဖြစ်သည်။ ငြိမ်းချမ်းစွာဆန္ဒပြခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခြင်းကို ပေါင်းစပ်ရသည်မှာ အန္တရာယ်ရှိသည်။

အကယ်၍ ငြိမ်းချမ်းစွာဆန္ဒပြ စစ်မြှုကာ နယ်ကျုံလာသော ရဲနှင့်စစ်သားများကို အက်ဆစ်၊ လက်လုပ်ဗုံး၊ ဂျင်ဂလိ၊ လေးခွ အစရှိသော အရာများနှင့် ခုခံတိုက်ခိုက်မည်ဆိုလျှင်လည်း နည်းဗျူဟာ ချမှတ်လုပ်ဆောင်မှ ဖြစ်မည်။ ရင်ဆိုင်တိုက်ခိုက်မည့် အခါတွင်လည်း သေချာပေါက် အနိုင်ရအောင် အစီအစဉ်ရေးဆွဲထားရမည်။ ထိုတနေရာတည်းတွင် မဟုတ်ဘဲ အခြားနေရာများ တွင်လည်း အလားတူတိုက်ပွဲများ စီစဉ်ထားရမည်။ တနေရာတည်းတွင် တပ်ဦးကျုံ နေလျှင် ထိုနေရာကို ရန်သူက အင်အားအလွန်အကျုံသုံးပြီး ရက်ရက်စက်စက် နှိမ်နင်းချေမှုန်းလိမ့်မည်။

မိမိတွင် သေနတ်၊ လက်ပစ်ဗုံး၊ အစရှိသော မြို့ပြပြောက်ကျား လက်နက်များမရှိလျှင်၊ သို့မဟုတ် မြို့ပြပြောက်ကျား တိုက်ပွဲ အကောင်အထည်ဖော်တော့မည်ဟူသော ပိုင်းဖြတ်ချက် မရှိသေးလျှင် လမ်းကြားတိုက်ပွဲများအသုံးပြုကာ အကြမ်းဖက်တုံ့ပြန်မှုကို အထူးသတိထား စဉ်းစားဆုံးဖြတ်ရန် အကြံပြုလိုပါသည်။

ဤနေရာအထိသည် မြန်မာပြည်အခြေအနေနှင့်ပတ်သက်၍ ဘာသာပြန်သူဖြည့်စွက်ထားသော စဉ်းစားချက်များဖြစ်သည်။ မူရင်းဘာသာပြန်ကို ယခုဆက်ပါမည်။

ရဲတပ်ဖွဲ့များလမ်းကြားထဲသို့ကျွံလာပြီးလျှင် လမ်းကြားတိုက်ပွဲဆင်နွှဲမည့်သူများသည် နှစ်ဖွဲ့ခွဲထားကာ ရှေ့နောက်ညှပ်၍တိုက်သင့်သည်။ တယောက်က တိုက်ပြီး ချက်ချင်းပြန်ဆုတ်၊ နောက်တယောက်က အစားနေရာဝင်ယူတိုက်ခိုက်သောနည်းမျိုးသုံးသင့်သည်။ ထိုနည်းကိုသုံးခြင်းဖြင့် ဆုတ်သွားသောသူနောက်သို့ ရန်သူကနင်းမလိုက်နိုင်အောင် ခုခံပေးပြီးသားဖြစ်သွားသည်။ တုတ် ကိုင်ရဲများက လူအုပ်ထဲတိုးဝင်ကာ ဆန္ဒပြသူတယောက်ကို ဖမ်းလျှင်ထိုရဲများကို ပိုကြီးသောလူ အုပ်ဖြင့်ဝိုင်းရမည်။ ရဲ၏လက်နက်ကိုဖြုတ်ချနိုင်အောင်ကြိုးစားပြီး ရဲများကို ရိုက်နှက်ပြီး ဖမ်းဆီးထားသူကို လွတ်အောင်လုပ်ရမည်။ ထိုနည်းကို မြို့ပြပြောက်ကျား ဘာသာရပ်တွင် ကွန်ရက်အတွင်းကကွန်ရက်နည်း the net within a net ဟုခေါ်သည်။

ရဲကကျောင်းတကျောင်းကို သို့မဟုတ် စက်ရုံတခု သို့မဟုတ် ဆန္ဒပြအစုတစုကို ဝိုင်းထားလျှင် မြို့ပြပြောက်ကျားသည် အငိုက်ဖမ်းတိုက်ခိုက်နည်းကို အသုံးပြုနိုင်သည်။ ရန်သူသည် သူဝိုင်းရံထားသော ကွန်ရက်ကို အားကောင်းစေရန် တပ်ဖွဲ့များကို ကားနှင့်သယ်ဆောင်လာရလိမ့်မည်။ လမ်း သို့မဟုတ် ကျောင်း သို့မဟုတ် စက်ရုံ၏ ဗျူဟာကျသော နေရာများကို သိမ်းပိုက်နေရာယူဖို့ကြိုးစားလိမ့်မည်။ မြို့ပြပြောက်ကျား၏ တာဝန်မှာ မိမိနေရာကိုမိမိ ကျွမ်းကျင်စွာသိရှိရမည်။ ထွက်ပေါက်ကို သိရမည်။ ရန်သူကဝိုင်းထားသောအခြေအနေကို ဘယ်နေရာကဖောက်ထွက်ဖျက်ဆီးရမည်ဟူသောအချက်ကို သိရမည်။ ရဲက နေရာယူမည် ဗျူဟာကျသော နေရာ ဘယ်နေရာဆိုတာသိရမည်။ ကိုယ့်ဘက်က တခြားဗျူဟာကျသော နေရာများကိုရှာဖွေပြီး ထိုနေရာများမှ နေ၍ ရန်သူကိုတိုက်နိုင်ရန် ပြင်ဆင်ထားရမည်။ ရန်သူဝင်ရောက်လာနိုင်သော လမ်းတွင် မိုင်းထောင်ခြင်း၊ လမ်းဖျက်ထားခြင်းများ ပြုလုပ်ရမည်။ မိုင်းပေါက်ကွဲလျှင် ရဲများထောင်ချောက်အတွင်းသက်ဆင်းမိကာ ချုံခိုတိုက်ခိုက်ခြင်းခံရမည်။ ထို့နောက်မိမိတို့ မြို့ပြပြောက်ကျားများသည် ရန်သူမသိသော အခြားထွက်ပေါက်မှ ထွက်ပြေးတိမ်းရှောင်ကြရမည်။ စေ့စပ်သေချာစွာ စီမံကိန်းရေးဆွဲထားသော ဆုတ်ခွာရေး အစီအစဉ်သည် ဝိုင်းရံလာသော ရန်သူကို အောင်နိုင်ရေး အတွက် အချက်အချာကျသော အရာဖြစ်သည်။ အကယ်၍ ထွက်ပေါက်စဉ်းစားမရလျှင် ထိုနေရာမျိုးတွင် စုဝေးခြင်းကို မူလကတည်းက မဆောင်ရွက်သင့်။

လမ်းပေါ်တိုက်ပွဲ၊ လမ်းကြားတိုက်ပွဲ နည်းပရိယာယ်များသည် လူထုဆန္ဒပြပွဲများတွင် ပူးပေါင်းပါဝင်တိုက်ခိုက်သော မြို့ပြပြောက်ကျားများအတွက် နည်းနာသစ်ဖြစ်သည်။ ယင်းကို "မြို့ပြပြောက်ကျား ဆန္ဒပြသူများ" ဟုလည်းခေါ်သည်။ လူထုနှင့် ချီတက်ပွဲများတွင် ပူးပေါင်းပါဝင်ကာ တိကျသော သီးခြားရည်မှန်းချက်များကို အကောင်အထည်ဖော်ကြသူများဖြစ်သည်။ မြို့ပြပြောက်ကျား ဆန္ဒပြသူများသည် ကွန်ရက်အတွင်းကကွန်ရက်ဗျူဟာကို ကျင့်သုံးရမည်။ ရဲကားများကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်ရမည်။

လူထုဆန္ဒပြပွဲနှင့် မြို့ပြပြောက်ကျားဗျူဟာကို ပူးတွဲ အသုံးပြုသောအခါ မိမိဘက်မှာ စနိုက်ပါများ အသုံးပြုခြင်းသည် နည်းကောင်းတခုဖြစ်သည်။ ဗျူဟာကျသောနေရာတွင် ပုန်းအောင်းကာ ရှော့ဂန်း၊ ဆပ်မရှင်းဂန်းများအသုံးပြုပြီး ရန်သူရဲနှင့် စစ်သားများကို ချောင်းမြောင်းပစ်ခတ်နိုင် သည်။

---

## STRIKES AND WORK INTERRUPTIONS

သပိတ်နှင့် အလုပ်ရပ်ဆိုင်းရေးတိုက်ပွဲများ

အလုပ်နှင့်ကျောင်းများတွင် ယန္တရားရပ်ဆိုင်းသွားစေရန် သပိတ်တိုက်ပွဲကို အသုံးပြုသည်။ ရန်သူ သည် သပိတ်လက်နက်ကို အလွန်ကြောက်ရွံ့သောကြောင့် အလွန်အကျွံ အကြမ်းဖက်လေ့ရှိသည်။ သပိတ်တိုက်ပွဲဝင်သူများကိုဖမ်းဆီးထောင်ချသည်။ နှိပ်စက်ညှဥ်းပန်း သည်။ လစ်ရင်လစ်သလို နည်း အမျိုးမျိုးဖြင့် သတ်ဖြတ်တတ်သည်။

တခါတရံတွင် သပိတ်တိုက်ပွဲများဖြစ်နေခိုက် မြို့ပြပြောက်ကျားများက နောက်မှ ဝင်ရောက်ကာ တိုက်ခိုက်ခြင်း၊ စီးနင်းခြင်း၊ ထိုးဖောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်သည်။ သပိတ်ကို ဖြိုခွဲရန် ရဲများရောက်လာစဉ် ချုံခိုတိုက်ခိုက်ခြင်း၊ ထောင်ခြောက်ဆင်ခြင်းတို့ကို လုပ်နိုင်သည်။ ထိုသို့သော တိုက်ခိုက်မှုမျိုး၏ ရည်ရွယ်ချက်မှာ ရန်သူကို သုတ်သင်နိုင်ရန်နှင့် ရန်သူ၏ သပိတ်ဖြိုခွင်းရေးကို အားနည်းသွားစေရန်ဖြစ်သည်။

---

## DESERTIONS, DIVERSIONS, SEIZURES, EXPROPRIATION OF AMMUNITION AND EXPLOSIVES

တပ်ပြေးခြင်း၊ လက်နက်နှင့် ဖောက်ခွဲပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း၊ သိမ်းပိုက်ခြင်း၊ ရယူခြင်း

တပ်ပြေးခြင်းနှင့် လက်နက်များလွှဲပြောင်းပေးအပ်ခြင်းကို စစ်စခန်းများ၊ စစ်သင်္ဘောများ၊ စစ်ဆေးရုံများတွင် ပြုလုပ်နိုင်သည်။ တပ်ပြေးမည့် ပြောက်ကျားရဲဘော် သို့မဟုတ်၊ ပြောက်ကျား အရာရှိသည် အချိန်အခါကောင်းကိုစောင့်ဆိုင်းကာ အခြေအနေပေးသည်နှင့် ခေတ်မီလက်နက်များ၊ ခဲယမ်းမီးကျောက်များကို မြို့ပြပြောက်ကျားများလက်သို့ပေးအပ်ရမည်။ တပ်ပြေးမည့် တပ်တွင်းတွင် သူလျှိုထည့်ထားသော ပြောက်ကျားအတွက် အခွင့်အသာဆုံးအချိန်မှာ အပြင်တွင်ရှိနေသော မြို့ပြပြောက်ကျားများကို လိုက်လံရှာဖွေရန် တာဝန်ပေးအပ်ခံရသောအချိန်ဖြစ်သည်။ ထိုအချိန်မျိုးတွင် တပ်ပြေးမည့်ပြောက်ကျားသည် လက်နက်ခဲယမ်းများယူဆောင်ကာ မြို့ပြပြောက်ကျားများနှင့် အလွယ်တကူလာရောက်ပူးပေါင်းလိုက်ရုံသာဖြစ်သည်။ ထိုနည်းလမ်းသည် ရန်သူ့လက်နက်ကို အလွယ်ကူဆုံးဖြင့် ရနိုင်မည့်နည်းလမ်းတခုဖြစ်သည်။

အခြားနည်းလမ်းတခုမှာ စစ်တန်းလျားတွင်ရှိနေစဉ် လက်နက်ခဲယမ်းနှင့်တကွ ထွက်ပြေးသောနည်းဖြစ်သည်။

အကယ်၍ လက်နက်များသယ်ဆောင်၍ တပ်ပြေးရန် မည်သို့မျှ အခွင့်မသာလျှင် လက်နက်ဂိုဒေါင်ကို ဖျက်ဆီးမီးရှို့ပြီးထွက်ပြေးရမည်။

အခြားနည်းလမ်းမှာ စစ်သားအစောင့်၊ ဘဏ်လုံခြုံရေး အစရှိသူတို့ထံမှ လက်နက်လုယူထွက်ပြေးခြင်းဖြစ်သည်။

လက်နက်လုယူရန်အတွက် အသေးစားစစ်ဆင်ရေးမျိုးလည်း ဆင်နွှဲနိုင်သည်။ လှည့်စားခြင်း၊ ထောင်ချောက်ဆင်ခြင်းနည်းများကို အသုံးပြုနိုင်သည်။

မိမိတွင် ဘဏ္ဍာငွေ အလုံအလောက်ရှိလျှင် လက်နက်မှောင်ခိုဝယ်ယူခြင်းမျိုးကို ပြုလုပ်နိုင်သည်။ အရေးကြီးသည်မှာ ဘယ်နည်းလမ်းကိုပဲသုံးသုံး စတင်လုပ်ဆောင်ရန်ဖြစ်သည်။

မဖြစ်မနေ ရအောင်လုပ်မည်ဟူသော ဆုံးဖြတ်ချက်နှင့် စတင်ရန် အရေးကြီးဆုံးဖြစ်သည်။ လက်နက်တလက်စတင်ရလျှင် ထိုလက်နက်ကို အသုံးပြုကြံစည်ခြင်းဖြင့် လက်နက်အများ ပွားများလာနိုင်သည်။

ရဲကင်းများကို ဝင်ရောက်စီးနင်းခြင်းဖြင့် မကြာခဏပင် လက်နက်များ အောင်အောင်မြင်မြင် သိမ်းပိုက်ရရှိတတ်သည်။ လက်နက်၊ ခဲယမ်း၊ ဖောက်ခွဲပစ္စည်းများ သိမ်းပိုက်ခြင်းသည် မြို့ပြပြောက်ကျားတို့၏ ရည်မှန်းချက်များထဲက တခုဖြစ်သည်။

---

## LIBERATION OF PRISONERS

အကျဉ်းသား လွတ်မြောက်ရေး

တော်လှန်ရေးလုပ်ငန်းကို နေ့စဉ်ကြံဆရန်းကန်ဆောင်ရွက်နေသော ပြောက်ကျား များသည် ရန်သူ၏ ဖမ်းဆီးခြင်းကို ခံရတတ်သည်။ နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခံ ရတတ်သည်။ ထိုအခါ အကျဉ်းသားလွတ်မြောက်ရေး လုပ်ငန်းကို လုပ်ဆောင်ရန်လည်း လိုအပ်လာသည်။

မြို့ပြပြောက်ကျား တယောက်အဖို့ အဖမ်းခံလိုက်ရခြင်းသည် လုပ်ငန်းရပ်တန့်သွားခြင်းဟု မမှတ်ယူအပ်။ မြို့ပြပြောက်ကျားသည် အကျဉ်းထောင်ကို သူလှုပ်ရှားရမည့်နယ်မြေဟု သတ်မှတ်ကာ မြို့ပြပြောက်ကျား နည်းပရိယာယ်များအသုံးပြုပြီး အကျဉ်းထောင်မှ လွတ်မြောက် ရေးကြံဆရမည်။ မြို့ပြပြောက်ကျားများ၏ လိမ္မာကျွမ်းကျင်မှု၊ လက်နက်နှင့် နည်းပရိယာယ်များ ကို အသုံးပြုပြီး ဖောက်ထွင်းမရနိုင်သော အကျဉ်းထောင်ဟူ၍မရှိချေ။ မြို့ပြပြောက်ကျားများ သည် အကျဉ်းထောင်ကို စစ်ဆင်ရေးနယ်မြေအဖြစ်သတ်မှတ်ကာ မိမိရဲဘော်ကို အကျဉ်းထောင်မှ လွတ်မြောက်အောင် စစ်ဆင်ရေး ရေးဆွဲဆောင်ရွက်နိုင်သည်။

အကျဉ်းထောင်ထဲရှိ ပြောက်ကျားနှင့် အကျဉ်းထောင်အပြင်ရှိပြောက်ကျားတို့ ပူးပေါင်းကာ လက်နက်ကိုင် စစ်ဆင်ရေးဆင်နွှဲခြင်းကို အကျဉ်းသားလွတ်မြောက်ရေးတိုက်ပွဲဟု ကျွန်ုပ်တို့ ခေါ်ဝေါ်သုံးစွဲလေ့ရှိသည်။

အကျဉ်းသားလွတ်မြောက်ရေးကို အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။ ၁။ ထောင်တွင်း အဓိကရုဏ်းဖန်တီးပြီး ချိန်ကိုက်ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်း ၂။ ရဲဘက်စခန်း၊ ရဲအချုပ်ခန်းများကို စီးနင်းတိုက်ခိုက်ခြင်း ၃။ အကျဉ်းသား နေရာရွှေ့ပြောင်းစဉ် အချုပ်ကား၊

မီးရထားပေါ်တို့မှာ အကျဉ်းသားကို လုယူခြင်း ၄။ ထောင်ကို စီးနင်းတိုက်ခိုက်ခြင်း ၅။ အကျဉ်းသား ရွှေ့ပြောင်းစဉ် အစောင့်များကို ချုံခိုတိုက်ခိုက်ခြင်း

---

## EXECUTIONS

### လုပ်ကြံသတ်ဖြတ်ခြင်း

အာဏာရှင်စစ်ခေါင်းဆောင်၊ အာဏာရှင်မိသားစု၊ ထောက်လှမ်းရေး၊ သတင်းပေး၊ အကျဉ်းသားများကို စစ်ကြောရေးလုပ်ညှဉ်းပန်းသူများ၊ စွမ်းအားရှင်များ၊ ရဲများ၊ စစ်သားများကို လုပ်ကြံသတ်ဖြတ်သင့်သည်။ ရပ်ကွက်ထဲက သတင်းပေးများ၊ ပြည်သူကို နှိပ်စက်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ကိုနှိပ်စက်သည့် မြို့နယ်ထွေအုပ်များ အစရှိသူတို့ရဲ့ ဆိုးသွမ်းမှုတွေကို ဟန့်တားရန်အတွက်လည်း လုပ်ကြံသတ်ဖြတ်ခြင်း ခြိမ်းခြောက်ခြင်းများ ဆောင်ရွက်ထိုက်သည်။

လုပ်ကြံသတ်ဖြတ်ခြင်းသည် လျှို့ဝှက်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် လူနည်းနည်းနှင့် အောင်မြင်အောင်လုပ်နိုင်လေ၊ ကောင်းလေဖြစ်သည်။ စနိုက်ပါတယောက်တည်းနှင့် ပင် ကြိမ်ဖန်များစွာ အောင်မြင်မှုရခဲ့ဖူးသော နမူနာများရှိသည်။ စိတ်ရှည်ခြင်း၊ ဇွဲကောင်းခြင်း၊ သွေးအေးခြင်း၊ စနစ်တကျ စီမံဆောင်ရွက်တတ်ခြင်းဖြင့် အောင်မြင်မှု ရနိုင်သည်။

---

## KIDNAPPING

### ပြန်ပေးဆွဲခြင်း

နာမည်ဆိုးရှိသော ရန်သူ့လူများ၊ ရန်သူ့ဘက်တော်သားနိုင်ငံရေးသမားများ၊ စစ်အာဏာရှင် မိသားစုဝင်များ၊ နာမည်ဆိုးရှိသောခရိုနီများကို ဖမ်းဆီးပြီး လုံခြုံသောနေရာတွင် ဝှက်ထားကာ ပြန်ပေးဆွဲခြင်းလုပ်ငန်းကို အကောင်အထည်ဖော်နိုင်သည်။

အဖမ်းခံထားရသော ပြောက်ကျားများ၊ တော်လှန်ရေးသမားများ၏ လွတ်မြောက်ရေး အတွက် အလဲအလှယ် ပြုလုပ်ရန် ပြန်ပေးဆွဲခြင်းနည်းကို အသုံးပြုလေ့ရှိသည်။ အကျဉ်းထောင်များတွင် ညှဉ်းပန်းနှိပ်စက်မှု ရပ်တန့်ရန်တောင်းဆိုချက်ဖြင့် ပြန်ပေးဆွဲခြင်းမျိုးလည်း ဘရာဇီးတွင် ပြုလုပ်သည်။

---

## SABOTAGE

အဖျက်အမှောင့်လုပ်ငန်းများ

အဖျက်အမှောင့်လုပ်ငန်းများဟူသော စကားသည် စစ်အစိုးရဝါဒဖြန့်ချိရာတွင် မကြာခဏပင် အပြစ်တင်ပြောဆိုလွန်းသောကြောင့် ညစ်နွမ်းနေသောစကားလုံးတခုဖြစ်နေပေပြီ။ သို့သော် အဖျက်အမှောင့် လုပ်ငန်းကို ကောင်းသောရည်ရွယ်ချက်ဖြင့် လုပ်နိုင်ပေသေးသည်။ တော်လှန်ရေး ရည်ရွယ်ချက်ဖြင့် ကောင်းမွန်သော နိုင်ငံရေး ဦးဆောင်မှုအောက်တွင် ရန်သူစစ်အာဏာရှင်အား အဖျက်အမှောင့် လုပ်ရပ်များလုပ်ကိုင်လျှင် မွန်မြတ်သော လုပ်ဆောင်ချက်ပင်တည်း။ ဝေါဟာရများကို မိမိတို့ မကြောက်ရွံ့သင့်ပေ။

အဖျက်အမှောင့်လုပ်ငန်းသည် လူနည်းနည်းသုံးပြီး ဖျက်အားပြင်းပြင်း လုပ်ဆောင်ရသော လုပ်ငန်းမျိုးဖြစ်သည်။ တခါတရံတွင် လူတယောက်တည်းနှင့်ပင် လုပ်နိုင်ပေသည်။

ဆောင်ရွက်နိုင်သော အဖျက်အမှောင့် လုပ်ငန်းများမှာ ဖောက်ခွဲရေးလုပ်ငန်းများ၊ ဒိုင်းနမိုက်သုံး ဖျက်ဆီးခြင်းများ၊ မီးရှို့ခြင်း၊ မိုင်းထောင်ခြင်းများဖြစ်သည်။

ရန်သူ၏အိမ်၊ စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြုသော ဓာတ်အိုး ထရန်စဖောင်မာများကို အလွယ်တကူပင်ဖောက်ခွဲနိုင်သည်။ စစ်ဗိုလ်ချုပ်တို့၏ ကားများသွားမည့်လမ်းတွင် မိုင်းထောင်နိုင်သည်။ သံချွန်များထောင်နိုင်သည်။ ရန်သူက စစ်တပ်နှင့် လက်နက်များ မီးရထားဖြင့် သယ်ယူပို့ဆောင်လာစဉ် မီးရထားသံလမ်းကို ဖြုတ်ထားနိုင်သည်။ ဖျက်ဆီးနိုင်သည်။ ဖျက်ဆီးနိုင်သောနည်းလမ်းများစွာ ကြံဆနိုင်သည်။ ရန်သူ၏ စက်ရုံကို မီးရှို့နိုင်သည်။ လိုအပ်လျှင် တံတားကို ဒိုင်းနမိုက်သုံးဖြိုချနိုင်သည်။

## ARMED PROPAGANDA

### လက်နက်ကိုင်တော်လှန်ရေးအတွက် ဝါဒဖြန့်ချိခြင်း

ယခုအခါ ညစ်နွမ်းနေသော စကားလုံးတွေထဲတွင် ဝါဒဖြန့်ချိခြင်းဟူသော စကားလုံးလည်း ပါဝင်နေပေသည်။ ဝါဒဖြန့်ချိခြင်းဆိုသည်မှာ မဟုတ်မမှန်ပြောဆိုစည်းရုံးခြင်းဟုပင် မှတ်ထင်နေကြပေပြီ။ ဟုတ်တိုင်းမှန်ရာ ပြောဆိုစည်းရုံးခြင်းသည်လည်း ဝါဒဖြန့်ချိခြင်းဖြစ်နိုင်ပါသေးသည်။ ကျွန်ုပ်တို့သည် လက်နက်ကိုင်တော်လှန်ရေးနှင့်ပတ်သက်၍ ဟုတ်တိုင်းမှန်ရာပြောဆိုစည်းရုံး ဝါဒဖြန့်ချိဖို့လိုအပ်သည်။ လက်နက်ကိုင်တော်လှန်ရေးသည် ရှောင်လွှဲ၍မရသောကြောင့် မိမိတို့ ရွေးချယ်ရသော တော်လှန်ရေးနည်းလမ်းဖြစ်ကြောင်း ဤနည်းဖြင့်သာ အမှန်တကယ်လွတ်မြောက်မှုကို ရနိုင်တော့မည်ဖြစ်ကြောင်းကို အမှန်အတိုင်းပြောဆို စည်းရုံးဝါဒဖြန့်ချိရမည်။

ရန်သူသည် ကောက်ကျစ်ယုတ်မာသော နည်းအမျိုးမျိုးကိုသုံးကာ အာဏာကို တွယ်ကပ်ဆုပ်ကိုင်နေကြောင်း ၂၀၀၈ အခြေခံဥပဒေကိုကြည့်လျှင် သိနိုင်ပေသည်။ ထိုသို့ ကောက်ကျစ်ယုတ်မာရုံမျှဖြင့် အားမရ နိုင်သေး။ သူတို့လိုလားသော ပြည်ထောင်စု ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက ဘယ်လိုမှနိုင်ခြေမရှိတော့ သောအခါ NLD ပါတီကို မင်းကနည်းနည်းအကောင်ကြီးတယ်၊ နှစ်ခါပြန်လျှော့က်ဟုခိုင်းစေဖို့ ကြိုးစားလာသည်။ သူတို့လမ်းကြောင်းအတိုင်း အလျှော့ပေးလိုက်လျှော့ပြီး ရွေးကောက်ပွဲဝင်သော ပါတီကိုပင်လျှင် အကုန်လုံး သိမ်းကျုံးဖမ်းဆီးပြီး ထပ်မံအာဏာသိမ်းလိုက်ပြန်သေးသည်။ အာဏာသိမ်းမှုကို လူထုက ဆန့်ကျင်တော်လှန်သောအခါ အလွန်လူမဆန်စွာနှိမ်နင်းသည်။ သေနတ်ဖြင့် ဦးခေါင်းကို ချိန်ရွယ်ပစ်ခတ်သည်။ ဆန္ဒပြသူကိုသာမက ဆန္ဒမပြဘဲ ကိုယ့်အိမ်ကိုယ်နေသူကို လည်း လိုက်ပစ်သည်။ သံပုံးတီးသောအိမ်ကိုလည်း ပစ်သည်။ မီးထွန်းထားသောအိမ်ကိုလည်း ပစ်သည်။ သူ့ဘာသာနေသော ၃ ထပ် ၄ ထပ်က အိမ်ကိုလည်း အကြောင်းမဲ့ လက်သရမ်းပစ် ခတ်သည်။ ဖြူသည်မည်းသည်မခွဲခြား အားလုံးကိုပင်လက်သရမ်းပစ်ခတ်လေရာ သူတို့တပ်ဆွေတပ်မျိုးအိမ်များကိုပင် ပစ်ခတ်မိသောကြောင့် ဆဲကြဆိုကြဖြစ်ကုန်သည်။ လူမဆန်မှုကား အတိုင်းထက်အလွန်တည်း။ ဖိနှိပ်မှု၊ ရက်စက်ကြမ်းကြုတ်မှုကား ဥပမာပေးခိုင်းနှိုင်းစရာပင်မရှိလောက်အောင်ပင်။

ထိုမျှရက်စက်ကြမ်းကြုတ်သော ဖိနှိပ်သူအာဏာရှင်ကို လက်နက်၊ လက်နက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ရုံမှတပါး အခြားရွေးချယ်စရာမရှိတော့။ ငြိမ်းချမ်းစွာဆန္ဒပြကန့်ကွက်သောနည်းကို ကျွန်ုပ်တို့ အစွမ်းကုန်အသုံးပြုခဲ့ပြီးပေပြီ။ ငြိမ်းချမ်းသောနည်းဖြင့်တောင်းဆိုဆန္ဒပြသည်ကို ဘယ်လိုမှ အလျှော့မပေးဘဲ အလွန်အကျွံအာဏာရူးကာ တွယ်ကပ်နေသောကြောင့်သာ ကျွန်ုပ်တို့သည်

လက်နက်ကိုင်တော်လှန်ရေးနည်းကို မလွှဲမရှောင်သာရွေးချယ်ရပေသည်။ လက်နက်ကိုင်တော်လှန်ရေးနည်းသည် ကျွန်ုပ်တို့နှစ်သက်သောကြောင့် ရွေးချယ်ရသောလမ်းကြောင်းမဟုတ်။ စစ်အာဏာရှင်များကတွန်းပို့သောကြောင့် ရွေးချယ်ရသောလမ်းကြောင်းဖြစ်သည်။

ကျွန်ုပ်တို့၏ မြို့ပြပြောက်ကျားတိုက်ပွဲတိုင်းလှုပ်ရှားမှုတိုင်းတွင် လက်နက်ကိုင် တော်လှန်ရေးအတွက် ဝါဒဖြန့်ချိခြင်းကို ဆောင်ရွက်ကြရမည်။

မူရင်းစာအုပ်ပါ လက်နက်ကိုင်တော်လှန်ရေးအတွက် ဝါဒဖြန့်ချိရေးနည်းလမ်းများသည် အင်တာနက်မပေါ်ခင်၊ လူမှုကွန်ရက် မပေါ်ခင်ကရေးသားထားသော နည်းလမ်းများဖြစ်သောကြောင့် ယခုအခါ ခေတ်နောက်ကျနေပေပြီ။ မူရင်းစာအုပ်ထဲတွင် မြေအောက်သတင်းစာ တစောင် ထုတ်ဝေဖို့ တိုက်တွန်းထားသည်။ ပုံနှိပ်စရာ၊ ကော်ပီကူးစရာ ပစ္စည်းများရှာဖွေစုဆောင်းဖို့အကြံပေးထားသည်။ မှန်ပေသည်။ ကျွန်ုပ်တို့သည် မြေအောက်သတင်းစာတစောင် ထုတ်သင့်သည်။ သို့သော် ပုံနှိပ်စက်၊ ကော်ပီကူးစက်များလိုအပ်တော့မည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ယခုခေတ်တွင် အင်တာနက်၊ လူမှုကွန်ရက် အစရှိသည်တို့ကို အသုံးပြု၍ ဖြန့်ချိမည်ဖြစ်သောကြောင့်ပင်။

ထိုအင်တာနက်မြေအောက်သတင်းစာလုပ်ငန်းကို အတွေ့အကြုံရှိတန်သလောက်ရှိပြီးကြပေပြီ။ ထို့ကြောင့်အကျယ်ချဲ့မရေးသားတော့ အွန်လိုင်းလုံခြုံရေးအတွက် ထပ်မံကြံဆတီထွင်မှုများလိုအပ်နေသေးကြောင်း၊ အိုင်တီနည်းပညာ၊ အိုင်တီဗဟုသုတသည် ယနေ့ခေတ်တွင် မဖြစ်မနေလိုအပ်သောအရာဖြစ်လာပြီဖြစ်ကြောင်း၊ မိမိတို့တော်လှန်ရေးအတွက် မြှုပ်နှံလုပ်ကိုင်မည့် အိုင်တီပညာရှင်များလိုအပ်နေပြီဖြစ်ကြောင်းကိုသာ အလေးအနက်ပြောဆိုလိုပါသည်။

အုတ်နံရံတွင် ဂရပ်ဖီတီစာလုံးများ ပန်းချီများရေးဆွဲခြင်း၊ ပန်းဖလက်များကြဲခြင်းတည်းဟူသော ယခင်ခေတ်က အသုံးပြုခဲ့သော ဝါဒဖြန့်ချိရေးနည်းလမ်းများကိုလည်း အခါအားလျော်စွာ တွဲဖက်အသုံးပြု၍ ရနိုင်ပေသည်။

---

## THE WAR OF NERVES

စိတ်ဓာတ်စစ်ဆင်ရေး The war of nerves

The war of nerves ဆိုသောစကားလုံးမှာ ယခုအခါ အသုံးနည်းလာပြီ ဟုထင်သည်။ The war of nerves အစား psychological warfare ဆိုသောစကားကို ပိုသုံး လာကြသည်။

psychological warfare ကိုစိတ်ဓာတ်စစ်ဆင်ရေးဟုသော်လည်းကောင်း ဆိုက်ဝါးဟုသော်လည်းကောင်း သုံးကြသည်။ စိတ်ဓာတ်စစ်ဆင်ရေးဟူသော စကားသည် တွင်ကျယ်ပြီးဖြစ်သော်လည်း အကယ်စင်စစ် စိတ်ဓာတ်ရေးရာအရ တဖက်နှင့်တဖက် အပြန်အလှန် တိုက်ခိုက်ကြသောကြောင့် စိတ်ဓာတ်စစ်ပွဲသဘောပို၍ သက်ဝင်ပေသည်။

စိတ်ဓာတ်စစ်ဆင်ရေး သို့မဟုတ် ဆိုက်ဝါးသည် ရန်လိုပြင်းထန်သော တိုက်ခိုက်နည်းတနည်းဖြစ်သည်။ သတင်းဌာနများ၊ မီဒီယာများ၊ လူမှုကွန်ရက်များမှတဆင့် ဆိုက်ဝါး အသုံးပြုတိုက်ခိုက်နိုင်သည်။ ယခင်ခေတ်က ကောလာဟလများ သတင်းမှားများကို ဆိုက်ဝါး လက်နက်အဖြစ်အသုံးပြုကာ အပြန်အလှန်တိုက်ခိုက်ကြသည်။ ယခုခေတ်တွင်လည်း ကောလာဟလများသတင်းမှားများ အသုံးပြုကာ တိုက်ခိုက်နေကြသေးပေသည်။ ၂၀၂၁ အာဏာသိမ်းပွဲကို နှိမ်နင်းချိန်တွင် အာဏာသိမ်းအစိုးရသည် ကျည်အစစ်မသုံးပါဟု Mass Media ကိုအသုံးပြုပြီး တွင်တွင်ကြီးညာနေသည်ကို တွေ့ကြပေမည်။ ယင်းကားဆိုက်ဝါးတည်း။ သူတို့ကိုယ်တိုင် ပစ်သည်ကိုတိုင်းပြည်တခုလုံးက မျက်ဝါးထင်ထင် တွေ့မြင်သိရှိပါလျက် ကြားလူတဖွဲ့ဖွဲ့က ဝင်ရောက်ပစ်ခတ်သယောင် ပြောင်လိမ်ညာနေသေးသည်။ ယင်းလည်း ဆိုက်ဝါးတည်း။ ၈၈ လူထုအရေးတော်ပုံကြီးသည် ရက်စက်ကြမ်းကြုတ်သော လူပ်ရှားမှုကြီးဖြစ်သယောင်၊ မှားယွင်းသော လုပ်ရပ်ကြီးဖြစ်သယောင် ထပ်ကာထပ်ကာနှင့် အကြိမ်ကြိမ်ပြောသော ဆိုက်ဝါးမှာ အလွန်ပင်ထိရောက်သောကြောင့် မသိမမီလိုက်သော လူငယ်များနားမယောင်အောင် ရှင်းပြရသည်မှာပင် တော်တော်ခက်လာသည်ကို တွေ့ခဲ့ရသည်။ ရန်သူ၏ ဆိုက်ဝါး အင်အားကြီးမားလွန်းသောကြောင့် ဖြစ်သည်။ သို့သော် ၂၀၂၁ လူထုတော်လှန်ရေးကြီးဖြစ်ပွားလာသောအခါ ထိုနှစ်ပေါင်းများစွာ ဖြေရှင်းရခက်ခဲခဲ့သောပြဿနာကို လူထုတော်လှန်ရေးကြီးက ရက်ပိုင်းအတွင်း ဖြေရှင်းပေးလိုက်သည်။ ၈၈ လူထုကြီး ဘယ်လိုဖြစ်ခဲ့ရသည်ဆိုသည်ကို လူငယ်များ အလိုလိုသဘောပေါက်သွားကြသည်။ ငါတို့အခုဖြစ်သလို ဖြစ်ခဲ့ကြတာပါကလားဟု သဘောပေါက်သွားကြခြင်းဖြစ်သည်။

မဟုတ်မမှန်ပြော၍ ဆိုက်ဝါးလုပ်ခြင်း၊ ကောလာဟလလွှင့်၍ ဆိုက်ဝါးလုပ်ခြင်းတို့သည် ယခုအခါ ခေတ်နောက်ကျသော နည်းလမ်းများဖြစ်နေပေပြီ။ မဟုတ်မမှန်ပြောဆိုဆိုက်ဝါးလုပ်ခြင်း၊ ကောလာဟလဖြင့် ဆိုက်ဝါးလုပ်ခြင်းသည် ခဏတာ စူးရှတတ်သော်လည်း ရေရှည်တွင် တော်လှန်ရေး အဖွဲ့အစည်းအပေါ် လူထု၏ ယုံကြည်ကိုးစားမှုကို ထိခိုက်စေတတ်သည်။ တော်လှန်ရေးအဖွဲ့အစည်းတွေလည်း စစ်အာဏာရှင်တွေလိုပဲ လူလိမ်တွေပါလားဟု ပြည်သူက ထင်မှတ်မှားသွားတတ်သည်။ ထို့ကြောင့် အမှန်ကိုပြောပြီး စည်းရုံးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ကောလာဟလများကို ဆိုက်ဝါးအဖြစ်အသုံးပြုခြင်းကို မလွှဲသာသော တချို့အခြေအနေတွင်မူ အခြေအနေ လိုအပ်ချက်အရ သုံးစွဲနိုင်ပါသည်။ အခြေအနေ ရှုပ်ထွေးနေသောကာလ၊ မိမိ

ပြောက်ကျားအဖွဲ့ အကျပ်အတည်းကျနေသောကာလမျိုးတွင် သတင်းမှားထုတ်လွှင့်ပေးလိုက်ခြင်း သည် ရံဖန်ရံခါ များစွာထိရောက်တတ်သည်။ လူထုတိုက်ပွဲ သို့မဟုတ် ပြောက်ကျားတိုက်ပွဲ ဖြစ်နေ သောအချိန်တွင် ရန်သူထံသတင်းမှားနှင့် ကောလာဟလများရောက်အောင်ပို့ခြင်းသည် လုပ်သင့် သော အရာဖြစ်သည်။ ရန်သူထံဦးတည်တိုက်ခိုက်သောအခါ ဘယ်လက်နက်မဆို သုံးသင့်သည်ချည်းသာ ဖြစ်သည်။ လူထုကိုလိမ်လည်သော သဘောမသက်ရောက်ရန်၊ လူထု၏ ယုံကြည်ကိုးစားမှု မဆုံးရှုံးကိုသာ သတိပြုဖို့ဖြစ်သည်။

တခါတရံတွင် အပေါစားဆိုက်ဝါးများသည် ပြောင်းပြန်အကျိုးသက်ရောက်တတ်သည်။ ဥပမာ အာဏာသိမ်းစစ်ကောင်စီက အသုံးပြုနေသော ကျည်စစ်ကျည်မှန်မသုံးပါ၊ မိမိတို့က ပစ်ခတ်ခြင်းမဟုတ်ပါဟူသော ဆိုက်ဝါးမျိုးသည် သူတို့အတွက် အကျိုးဖြစ်ထွန်းသည်ထက်၊ အကျိုးယုတ်သည်က ပိုလေသည်။ သင်းတို့ကားဖြောင်လိမ်၊ ဖြောင်ညာသောသူတွေပါတကားဟု လူထုက သဘောပေါက်နားလည်ကာ အကြီးအကျယ်ရွံရှာစက်ဆုတ်ခြင်းကိုသာ ဖြစ်စေသည်။ သူတို့ဘက်သားများသည်ပင် သူတို့ခေါင်းဆောင်တွေကိုအထင်သေးစိတ်ဖြစ်စေသည်။ ငါတို့ခေါင်း ဆောင်တွေက လူညာတွေပါလားဟဟု သူတို့အတွေးပေါ်မိကြမည်မှာ မြေကြီးလက်ခတ်မလွဲ တည်း။

ယခုအခါတွင် ပြည်သူဘက်က အသုံးပြုနေသော အဆင့်မြင့်ဆိုက်ဝါးနည်းလမ်း တခုမှာ social punishment ဟူသောလုပ်ရပ်ဖြစ်သည်။ ပြည်သူကို သတ်ဖြတ်သူများ၊ သတ်ဖြတ်သူတို့ ၏ မိသားစုဝင်များ၏ အားနည်းချက်များကို လူသိရှင်ကြားဖြစ်အောင် ဖွင့်ထုတ်ဖော်ချကြသည်။ ထိုလူများ လူတောမတိုးရဲအောင် အရှက်ခွဲကြသည်။ ထိုလူများ၏ စက်ဆုပ်ရွံရှာဖွယ် လုပ်ရပ်ကို အများသိအောင် ထုတ်ဖော်သည်။ ငါတို့လင်၊ ငါတို့အဖေ၊ ငါတို့သားကား လူမဆန်သော အယုတ် တမာကောင်ကြီးပါလားဟု သူတို့ကိုယ်တိုင် ခံစားသိရှိလာအောင် ထုတ်ဖော်ပြစ်ဒဏ်ပေးသော နည်းဖြစ်သည်။ အမှန်တရားကို အသုံးပြုတိုက်ခိုက်သော ဆိုက်ဝါးနည်းဖြစ်သဖြင့် ရေရှည် ဆက်လက် အသုံးပြုသင့်ပေသည်။

ရဲကို ဖုန်းဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ သတင်းမှားပေးပို့ပြီး ထင်ယောင်ထင်မှား ဖြစ်စေသောနည်းသည် ရှေးရိုးနည်းဖြစ်သော်လည်း ယခုတိုင်ထိရောက်ဆဲ နည်းလမ်းဖြစ်သည်။

လူထုဆန္ဒပြပွဲတွင် မိမိတို့ချီတက်မည့်လမ်းကြောင်းအမှားကို သတင်းပေးများ၊ ထောက် လှမ်းရေးများ၊ ရဲများထံသို့ ရောက်အောင်ပို့ဆောင်ပေးခြင်း၊ မြို့ပြပြောက်ကျားတို့ တိုက်ခိုက်မည့် စီမံကိန်းအမှားများကို ရန်သူဆီရောက်အောင်ပို့ဆောင်ပေးခြင်း၊ မြို့ပြပြောက်ကျားတို့က တိုက်ခိုက်

ရန် အစီအစဉ်မရှိပါဘဲနှင့် တိုက်တော့မယောင် သတင်းလွှင့်ပေးခြင်းတို့သည်လည်း အသုံးပြုအပ်သော ဆိုက်ဝါးနည်းလမ်းများဖြစ်သည်။

စစ်ခေါင်းဆောင်တို့၏ အကျင့်ပျက်မှုများကို ဖော်ထုတ်ခြင်းသည် မဖြစ်မနေ လုပ်ထိုက်သော ဆိုက်ဝါးနည်းလမ်းဖြစ်သည်။ ယခုအခါ ပေါ်ပေါက်အသုံးပြုနေသော HD တိုက်ပွဲသည် ထိုနည်းလမ်းတွေထဲက တခုဖြစ်သည်။ စစ်ခေါင်းဆောင်ကြီးငယ်များ၊ ဗျူရိုကရက်များ၏ အကျင့်ပျက် လာဘ်စားမှု၊ ကိုယ်ကျင့်တရားဖောက်ပြန်မှု၊ လက်အောက်ဝန်ထမ်းများအပေါ် မတရားဖိနှိပ်မှု စသောလုပ်ရပ်များကို ဖော်ထုတ်ဖွင့်ချမှုများကို အစီအစဉ်ရှိရှိ စနစ်တကျ အကောင်အထည်ဖော်သင့်သည်။ ရေရှည်လုပ်ဆောင်ရမည့် အလုပ်ဖြစ်သည်။

တိုက်ပွဲကာလ၊ လူထုလှုပ်ရှားမှုများဖြစ်ပေါ်နေသောကာလများတွင် ဆိုက်ဝါးကို အရှိန်အဟုန်တိုးမြှင့်သင့်သည်။ သို့သော် ဆိုက်ဝါးသည် ရေတိုအလုပ်မျှသာ မဟုတ်။ ရေရှည်လုပ်ရမည့် အလုပ်ဖြစ်သည်။

ရန်သူကို စိတ်ဓာတ်ကျစေသော၊ သိက္ခာကျစေသော၊ မကောင်းသည့်ပုံရိပ်ပွင့်ကျစေသော၊ မောပန်းနွမ်းနယ်စေသော၊ တုန်လှုပ်ခြောက်ခြားစေသော စိတ်ဓာတ်ရေးရာတိုက်ခိုက်ခြင်းမှန်သမျှသည် ဆိုက်ဝါးပင်ဖြစ်သည်။

---

**Social Media**

လူမှုကွန်ရက်မှ သတင်းရယူခြင်း

လူမှုကွန်ရက်ကို စနစ်တကျ အသုံးချခြင်းသည် ယခုခေတ်တွင် လိုအပ်သည်။ လူမှုကွန်ရက်တွင် ရန်သူစစ်သားများနှင့်မိသားစုတို့၏ group များတွင် ဝင်ရောက်ပြီး နားစွင့်ထားသင့်သည်။ ထိုနေရာများမှ အရေးကြီးသော တပ်အရွှေ့အပြောင်းသတင်းများပင် ပွင့်ကျလာတတ်သည်။ ရန်သူတို့၏ အပုပ်သတင်းများကိုလည်း ကြားရတတ်သည်။

လူမှုကွန်ရက်၊ အင်တာနက်များအသုံးပြုပြီး ရန်သူ၏ စစ်အင်အား၊ ရန်သူ၏ အပြုအမူကို စနစ်တကျ သုတေသနပြုခြင်းလုပ်ငန်းများ လုပ်ဆောင်သင့်သည်။

ဤမျှသာ အရိပ်အမြွက်သဘောဖော်ပြလိုပါသည်။ ထိုးထွင်းတီထွင်နိုင်သလောက်၊ လုပ်အား စိုက်ထုတ်နိုင်သလောက် အကျိုးများနိုင်ပါသည်။

---

## HOW TO CARRY OUT THE ACTION

ပြောက်ကျားလှုပ်ရှားမှု အကောင်အထည်ဖော်ခြင်း

ပြောက်ကျားလုပ်ငန်းသည် အမှားမခံသောအလုပ်ဖြစ်သည်။ မှားလျှင် အသက်ပင် ပေးရနိုင်သည်။ ပေါ့ဆခြင်း၊ နမော်နမဲ့နိုင်ခြင်း၊ သတိမေ့လျော့ခြင်းများသည် သေလောက်အောင် အန္တရာယ်ကြီးသည်။ လေ့ကျင့်မှုလိုသည်။ စနစ်တကျပြင်ဆင်မှုလိုသည်။ အတွေ့အကြုံက ဆက်လက် သင်ကြားပေးလိမ့်မည်။

ပြောက်ကျားတိုက်ပွဲ အကောင်အထည်ဖော်ရာတွင် လိုအပ်မည့် အဆင့်များကို အကြမ်းဖျဉ်း ဖော်ပြပါမည်။

၁။ သတင်းစုံစမ်းထောက်လှမ်းစုဆောင်းခြင်း

၂။ စိတ်ရှည်ရှည်စောင့်ကြည့်ခြင်း၊ ဖွဲ့ကောင်းခြင်း

၃။ ရန်သူ့နယ်မြေလေ့လာခြင်း၊ စစ်ဆင်ရေးနယ်မြေကို ကျွမ်းကျင်အောင် လေ့လာခြင်း

၄။ ကြာမြင့်ချိန်တွက်ချက်ခြင်း၊ တိုက်လမ်း၊ ဆုတ်လမ်း လမ်းကြောင်းများရေးဆွဲခြင်း

၅။ မြေပုံရေးဆွဲခြင်း၊ ဖတ်ရှုခြင်း

၆။ ကား၊ မော်တော်ဆိုင်ကယ် အစရှိသည့် လိုအပ်သော ယန္တရားများဖြည့်ဆည်းခြင်း။ ယန္တရားနှင့်ပတ်သက်၍ မကြာခဏပေါ့ဆမိတတ်သည်။ ယန္တရားကို ဂရုတစိုက်ရွေးချယ်ခြင်း၊ နေရာချထားခြင်း၊ အင်ဂျင်၊ ဘရိတ်၊ လောင်စာဆီများစစ်ဆေးခြင်းတို့သည် အရေးကြီးသည်။ ယန္တရားနှင့်ပတ်သက်၍ အမှားလေးတချက်လုပ်မိသည်နှင့် စစ်ဆင်ရေးကို အကြီးအကျယ် ထိခိုက်သွားနိုင်သည်။

၇။ စစ်ဆင်ရေးတွင် ပါဝင်မည့်သူများကို အထူးဂရုပြုစိစစ်ရွေးချယ်ခြင်း။ ဆုံးဖြတ်ချက်မပြတ်သားသူ၊ တွေဝေသူများမပါဝင်အောင် သတိထားရမည်။

၈။ တိုက်ခိုက်ရေးလက်နက်၊ သယ်ဆောင်ရမည့် ခဲယမ်းမီးကျောက်ရွေးချယ်ဆုံးဖြတ်ခြင်း

၉။ လေ့လာခြင်း၊ လေ့ကျင့်ခြင်း၊ အစမ်းလေ့ကျင့်ခြင်း

၁၀။ လက်တွေ့တိုက်ပွဲဆင်နွှဲခြင်း

၁၁။ ပြန်ဆုတ်ခြင်း

၁၂။ သက်သေအထောက်အထားနှင့် သဲလွန်စများဖျောက်ဖျက်ခြင်း

၁၃။ ဒဏ်ရာရသော မိမိရဲဘော်များကို ကယ်တင်ခြင်း

---

## RESCUE OF THE WOUNDED

ဒဏ်ရာရသူကယ်တင်ခြင်း

ဒဏ်ရာရသူကိုကယ်တင်ခြင်း အလုပ်ကို အထူးအာရုံပြုသင့်သည်။ မြို့ပြပြောက်ကျား စစ်ဆင်ရေး အတွင်းတွင် မိမိရဲဘော် ဒဏ်ရာရခြင်းမှာ မကြာခဏဖြစ်နိုင်သည်။ အတူပါဝင်သော ပြောက်ကျားတွင် ရှေးဦးသူနာပြုဗဟုသုတရှိလျှင် ဒဏ်ရာရသူကို ထိုနေရာတွင်ပင် ချက်ချင်းစတင်ပြုစုနိုင်သော အခွင့်အလမ်းရှိသည်။

မည်သို့သောအခြေအနေတွင်မျှ ဒဏ်ရာရထားသောမိမိရဲဘော်ကို စွန့်ပစ်ချန်ရစ်ရန် မသင့်။

ကြိုတင်ဆောင်ရွက်သင့်သော အလုပ်မှာ ရှေးဦးသူနာပြုသင်တန်းများပေးထားသင့်သည်။ အရေးပေါ်ဆေးဝါး၊ အရေးပေါ်ကုထုံးများအကြောင်း နားလည်ထားသင့်သည်။ ကျွမ်းကျင်သူတို့၏ ဦးဆောင်မှုဖြင့် ရှေးဦးသူနာပြု လက်စွဲစာအုပ် ပြုစုပုံနှိပ်ထားသင့်သည်။

စစ်ဆင်ရေးအတွက် စီမံကိန်းရေးဆွဲရာတွင် ဆေးဝါးအထောက်အကူ အပိုင်းကို မမေ့လျော့သင့်။

အခြားနည်းလမ်းရွေးချယ်စရာမရှိတော့လျှင် တရားဝင်ဆေးခန်း၊ ဆေးရုံများသို့ လူနာကို ခေါ် ဆောင်သွားသင့်သည်။ ဆရာဝန်ကို ဆေးဝါးကုသပေးရန် လက်နက်ကိုင်ခြိမ်းခြောက်ခြင်းအလုပ်ကို ရှောင်လွှဲမရလျှင်ပြုလုပ်ရမည်။

လူနာ၏သွေး၊ အဝတ်အစား၊ လက်ဗွေရာ အစရှိသော သဲလွန်စများကို ဖျောက်ဖျက်ရမည်။

---

## GUERRILLA SECURITY

### ပြောက်ကျားလုံခြုံရေး

မြို့ပြပြောက်ကျားတို့တွင် အန္တရာယ်ဟူသည်မှာ အချိန်မရွေးကြုံတွေ့နိုင်သော အရာဖြစ်သည်။ အခြေခံလုံခြုံရေးမှာ ဘေးကင်းလုံခြုံစွာကိုယ်ယောင်ဖျောက်ထားနိုင်ရေး၊ ရဲက ခြေရာမခံမိစေရေးဖြစ်သည်။ အဆိုးဆုံးအန္တရာယ်မှာ မိမိအဖွဲ့အစည်းအတွင်း သူလျှိုများ၊ သတင်းပေးများ ထိုးဖောက်ဝင်ရောက်လာမည့် အန္တရာယ်ဖြစ်သည်။ အဖွဲ့အစည်းအတွင်း ဝင်ရောက်လာသော သူလျှိုကို ဖမ်းမိလျှင် သတ်ရမည်။ အခြားနည်းလမ်းရွေးစရာမရှိ။ ပြောက်ကျားအဖွဲ့မှ လက်နက်ချပြီး ရဲထံသတင်းပေးမည့်သူကိုလည်း အလားတူသေဒဏ်ပေးရမည်။ ပြောက်ကျားလုံခြုံရေးကောင်းဆိုသည်မှာ ကိုယ့်အဖွဲ့အတွင်း ရန်သူထိုးဖောက်ဝင်ရောက်နိုင်ခြင်းမရှိသော၊ မိမိထံမှ သတင်းကို ရန်သူက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မရနိုင်သော အခြေအနေမျိုးဖြစ်သည်။

ထိုသို့လုံခြုံနေစေရန် ပြုလုပ်ရမည့် အလုပ်မှာ လုံခြုံရေးစည်းကမ်းများကို တင်းတင်းကျပ်ကျပ်လိုက်နာကျင့်သုံးဖို့နှင့် လူသစ်ခန့်ထားခြင်း အလုပ်ကို အထူးသတိထားဆောင်ရွက်ဖို့ဖြစ်သည်။ လူသစ်များများရရေးကို ဘယ်တော့မှ အလောတကြီးဆောင်ရွက်ရန်မသင့်။ ပြောက်ကျားအဖွဲ့သည် အဝင်ခက်၊ အထွက်ခက်သော အဖွဲ့အစည်းဖြစ်သည်။ လက်ယာနိုင်ငံရေး ပါတီများသည် အဝင်လွယ်၊ အထွက်လွယ်သောနေရာဖြစ်သည်။ လက်ဝဲနိုင်ငံရေးပါတီများသည် အဝင်ခက်၊ အထွက်လွယ်သောနေရာဖြစ်သည်။ လျှို့ဝှက်ပြောက်ကျားအဖွဲ့သည်ကား အဝင်ခက်၊ အထွက်ခက်သောနေရာဖြစ်သည်။

ရန်သူသည် မိမိတို့ကို ဖော်ထုတ်ရန်၊ ချေမှုန်းရန်၊ စဉ်ဆက်မပြတ်ကြိုးစားနေသည်။ မိမိတို့၏ အလုပ်မှာ လုံခြုံစွာပုန်းကွယ်ကိုယ်ယောင်ဖျောက်ပြီး အငိုက်ဖမ်းတိုက်ခိုက်ရန်ဖြစ်သည်။

မြို့ပြပြောက်ကျားအန္တရာယ်မှာ ပြောက်ကျားတယောက်သည် နမော်နမဲ့နိုင်သောကြောင့်ဖြစ်စေ၊ သတိဝီရိယနည်းပါးပေါ့လျော့သောကြောင့်ဖြစ်စေ၊ မိမိဘယ်သူဆိုတာ ဖော်ထုတ်မိသွားတာမျိုး

ဖြစ်သည်။ ထိုအမှားသည် ခွင့်မလွှတ်နိုင်သော အမှားဖြစ်သည်။ ပြောက်ကျားသည် လျှို့ဝှက်ရမည်။ မလိုအပ်ဘဲ အပိုမပြောရ။ မိမိနှင့်မဆိုင်လျှင်မသိချင်ရ။ အဖွဲ့အစည်း၏ လျှို့ဝှက်ချက်များကို မစပ်စုရ။ စကားမဖွာရ။ တိုက်ပွဲအတွင်းတွင် လိပ်စာကဒ်ပြား၊ တယ်လီဖုန်း ကျကျန်ခဲ့ခြင်းမျိုးသည် အလွန်ဆိုးဝါးသောအမှားအယွင်းဖြစ်သည်။ အဖွဲ့အစည်းနှင့်ဆိုင်သော လိပ်စာကဒ်ပြား၊ တယ်လီဖုန်းနံပါတ်စာအုပ်များ မထားသင့်။ ဒိုင်ယာရီမရေးသင့်။ စာရွက်စာတမ်းများဆောင်မထားသင့်။ မဖြစ်မနေထားရှိရမည့် စာရွက်စာတမ်းများကို အထူးလုံခြုံစွာ သိုဝှက်သိမ်းဆည်းရမည်။ အဖွဲ့အစည်းနှင့် သက်ဆိုင်သော ဖုန်းနံပါတ်များရေးမှတ်မထားရ။ အလွတ်ကျက်မှတ်သည့် အလေ့အကျင့် ကျင့်ထားရမည်။ လျှို့ဝှက်ရေးစည်းကမ်းမလိုက်နာလျှင် သတိပေးရမည်။ ဆက်လက်ချိုးဖောက်လျှင် ထိုသူနှင့် အလုပ်ဆက်မလုပ်ရ။ မြို့ပြပြောက်ကျားများသည် ရဲများအနီးနားတွင် နေထိုင်ကျင်လည်ဖို့လိုအပ်သည်။ သို့မှသာရဲလှုပ်ရှားမှု၊ ရဲသတင်းများရဖို့ ပိုမိုလွယ်ကူသည်။ ထိုသို့ ရဲနှင့်နီးကပ်သောကြောင့် လုံခြုံရေးပိုတင်းကျပ်ဖို့လိုသည်။

အဖမ်းခံရလျှင် အဖွဲ့အစည်းနှင့်ပတ်သက်သော သတင်းအချက်အလက်များ မဖော်ရ။ တင်းကျပ်စွာ လိုက်နာရမည်။ လျှို့ဝှက်ချက်ကို အသက်ပေးကာကွယ်ရမည်။

---

## THE SEVEN SINS OF THE URBAN GUERRILLA

### မြို့ပြပြောက်ကျားအတွက် အမှား ၇ ခု

မြို့ပြပြောက်ကျားသည် မှန်ကန်သော နည်းပရိယာယ်ကိုကျင့်သုံးကာ လုံခြုံရေးစည်းကမ်းကို လိုက်နာသည့်တိုင်အောင် အမှားကြုံနိုင်သေးသည်။ အဘက်ဘက်ကပြည့်စုံသည့် စင်းလုံးချောပြောက်ကျားဟူ၍မရှိနိုင်။ အမှားအနည်းဆုံးဖြစ်အောင် လုပ်နိုင်သူသည် စံပြပြောက်ကျားဖြစ်သည်။ အမှားအနည်းဆုံးဖြစ်အောင် အရေးကြီးသော အမှားကြီး ၇ ချက်ကို ကြိုတင် သိနားလည်ထားရမည်။ ရှောင်ရှားနိုင်ရမည်။

ပထမအမှား

လေ့ကျင့်သင်တန်းမပေးရသေးသော၊ အတွေ့အကြုံမရှိသောပြောက်ကျားကို အသုံးပြုခြင်းသည် အမှားဖြစ်သည်။ အတွေ့အကြုံနည်းသောသူသည် ရန်သူကိုအလကားကောင်တွေ၊ ငပေါ၊ ငတုံးတွေဟုထင်တတ်သည်။ ရန်သူ၏ ထောက်လှမ်းရေးကို လျှော့တွက်တတ်သည်။ အားလုံးကို လွယ်လွယ်ထင်မှတ်တတ်သည်။ အကျိုးဆက်ကားရှုံးနိမ့်ခြင်းပေတည်း။

တခါတရံတွင် အတွေ့အကြုံနည်းပါးသောကြောင့် ရန်သူကို ပိုတွက်မိသည်လည်း ဖြစ်တတ်သည်။ ရန်သူကကိုယ့်ထက်အားကြီးသည်ဟုထင်မှတ်တတ်သည်။ ထိုသို့ပိုတွက်မိသောကြောင့် ကြောက်လန့်တတ်၊ တွေဝေတတ်သည်။ ပြောက်ကျားအလုပ်တွင် တွေဝေခြင်းတုံ့ဆိုင်းခြင်းသည် အန္တရာယ်သိပ်ကြီးကြောင်းအထက်တွင်ဖော်ပြပြီးဖြစ်သည်။

ဒုတိယအမှား

မြို့ပြပြောက်ကျား၏ ဒုတိယအမှားကား ကိုယ့်အောင်ပွဲကို ကျေနပ်အားရကာ ကြွားဝါခြင်း အရပ်တကာသိအောင် မောင်းထုမိခြင်းဖြစ်သည်။

တတိယအမှား

ဘဝင်မြင့်ခြင်းအမှားဖြစ်သည်။ ထိုအမှားကျူးလွန်သူသည် ကိုယ့်အောင်ပွဲနှင့်ကိုယ် ဘဝင်မြင့်ကာ ကိုယ့်တဖွဲ့တည်းအတွက်ကိုယ် လုပ်ဆောင်မိတတ်သည်။ အနီးအနားပတ်ဝန်းကျင်ရှိ မိမိရဲဘော် ပြောက်ကျားများ စတင်တည်ဆောက်နိုင်ရန်၊ ရှင်သန်ရပ်တည်နိုင်ရန်ဟူသော အချက်မျိုးကို ထည့်သွင်းမစဉ်းစားဘဲ အောက်ခြေလွတ်သွားတတ်သည်။

စတုတ္ထအမှား

မိမိအင်အားကို အလွန်အကျွံပိုတွက်မိခြင်း။ လုံလောက်သောအင်အား၊ လုံလောက်သော ထောက်ပံ့ပစ္စည်းမရှိဘဲ တိုက်ပွဲဆင်နွှဲမိတတ်သည်။

ပဥ္စမအမှား

အလောသုံးဆယ် တက်သုက်ရိုက်ဆောင်ရွက်ခြင်း။ ထိုအမှားကျူးလွန်သူ ပြောက်ကျားသည် အချိန်ကောင်းကိုရနိုင်ပါလျက် မစောင့်ဆိုင်းနိုင်ဘဲ ရှေ့လောကြီး ဆောင်ရွက်မိသူမျိုးဖြစ်သည်။

ဆဋ္ဌမအမှား

ရန်သူက ဒေါသအပြင်းထန်ဆုံး ထွက်နေသော အချိန်တွင်တိုက်ခြင်းသည် အမှားဖြစ်သည်။

သတ္တမအမှား

ကြိုတင်ပြင်ဆင်မှုမရှိဘဲ၊ စီမံချက်မရေးဆွဲဘဲ တိုက်ခိုက်ခြင်းသည် အမှားဖြစ်သည်။ ကြုံသလိုဖြေရှင်းသွားမည်ဟု ပေါ့ပေါ့တွေးပြီးတိုက်ပွဲဝင်ခြင်းသည် ကြီးလေးသောအမှားဖြစ်သည်။

---

## လူထုနှင့်ပြောက်ကျားစစ်

(မော်စီတုံး၏ ပြောက်ကျားစစ်စာတမ်းမှ)

လူထုနှင့်ပြောက်ကျားစစ် မည်သို့ ဆက်နွယ်သနည်း။ ပြောက်ကျားစစ် ဟူသည် လူထုကို မှီခိုဆင်နွှဲရသောစစ် ဖြစ်သည်။ နိုင်ငံရေးရည်မှန်းချက် မရှိလျှင် ပြောက်ကျားစစ်သည် အောင်မြင်လိမ့်မည်မဟုတ်။ ပြောက်ကျား စစ်၏ နိုင်ငံရေးရည်မှန်းချက်သည် လူထုလိုလားသော နိုင်ငံရေးရည်မှန်း ချက်နှင့် မကိုက်ညီခဲ့လျှင်လည်း လူထု၏ထောက်ခံမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ထောက်ပံ့ကူညီမှု ရနိုင်မည်မဟုတ်။

ထို့ကြောင့် ပြောက်ကျားစစ်၏ နှစ်သာရမှာ တော်လှန်စစ်ဖြစ်သည်။ တော်လှန်ရေးမကျလျှင် ပြောက်ကျားစစ်မဆင်နွှဲနိုင်။ တော်လှန်ရေးဆန့် ကျင်သူများသည် ပြောက်ကျားစစ်ဆင်နွှဲလို့မရ။ လူထုကို ဆန့်ကျင်သူများ ပြောက်ကျားစစ် ဆင်နွှဲလို့မရ။ အဘယ်ကြောင့် ဆိုသော ပြောက်ကျားစစ် ဆိုသည်မှာ လူထုထံမှ ဆင်းသက်လာသောကြောင့် ဖြစ်သည်။ ပြောက်ကျားစစ်သည် လူထုကိုမှီခိုသည်။ လူထုအတွင်းမှ ဆင်းသက်သည်။ လူထု၏ အားပေးကူညီမှုလိုအပ်သည်။ ပြောက်ကျားများ၏ ဆောင်ရွက်ချက်များအားလုံးသည်လည်း လူထုထောက်ခံမှု ကျဆင်းစေသော အရာ ဘာကိုမျှ မလုပ်ရ။ လူထုကို ထိခိုက်နာကျင်စေမည့် ကိစ္စများကို ရှောင်ရှားရမည်။

မိမိလုပ်ဆောင်သည့် ကိစ္စတိုင်းသည် လူထုအကျိုးစီးပွားနှင့် ညီမညီ၊ လူထုကို ထိခိုက်မှုရှိမရှိ အစဉ်သဖြင့် ဆန်းစစ်ဝေဖန်ဖို့လိုသည်။ လိုအပ်ချက်များကို ပြုပြင်ဖို့လိုသည်။ ပြည်သူလူထု နှင့်ကင်းကွာလာလျှင် ပြောက်ကျားစစ်မအောင်မြင်နိုင်။ အမြန်ဆုံးပြုပြင်ဖို့လိုအပ်သည်။

အမြဲတန်းတပ်မတော်၏ တပ်သားများကသာ ပြောက်ကျားစစ်ကို တိုက်ခိုက်တတ်သည်ဟု တချို့ကဆိုသည်။ ထိုသို့ဆိုသူများမှာ ပြောက်ကျား စစ်၏ သဘောကို နားမလည်သောကြောင့်သာ ထိုသို့ ဆိုကြ ခြင်းဖြစ်သည်။

ပြောက်ကျားယူနစ်မှန်သမျှ နိုင်ငံရေးနှင့် စစ်ရေး ဦးဆောင်မှုရှိရမည်။ အရွယ်ကြီးသည်၊ ငယ်သည်နှင့်မဆိုင် ပြောက်ကျားယူနစ်မှန်သမျှတွင် လိုအပ်သည်။

ရံဖန်ရံခါ အကျင့်ပျက်နေသော ပြောက်ကျားများ ထွက်ပေါ်လာတတ်သည်။ ပြောက်ကျား အယောင်ဆောင်ပြီး ရာဇဝတ်မှုကျူးလွန်သူမျိုးလည်းရှိတတ်သည်။ အရေးကြီးသည်မှာ ကျွန်ုပ်တို့ မြို့ပြပြောက်ကျားအဖွဲ့များ နိုင်ငံရေးမမဲ့ဖို့ စည်းကမ်းမမဲ့ဖို့ ဖြစ်သည်။ နိုင်ငံရေးမဲ့လျှင် အကြမ်းဖက်အုပ်စုတခုသက်သက် ဖြစ်သွားနိုင်သည်။ တော်လှန်ရေးကျသော နိုင်ငံရေးနှင့် လူထုထောက်ခံမှု၊ လူထုကိုမှီခိုမှုသည် တော်လှန်ရေးပြောက်ကျားအဖွဲ့နှင့် အကြမ်းဖက်အုပ်စု တို့၏ အလွန်ကြီးမားသော ခြားနားချက်ဖြစ်သည်။

"မိစ္ဆာလူဆိုးများသည် ပြောက်ကျား မဖြစ်နိုင်။ သို့သော် စနစ်တကျ စည်းရုံးဖွဲ့စည်းထားသော စည်းကမ်းမရှိ၊ မူဘောင်မရှိ လှုပ်ရှားသော ပြောက်ကျားမျိုးတော့ရှိနိုင်သည်။ ယင်းအမျိုးအစားမှာ မင်းမဲ့များသာ ဖြစ်သည်" ဟုပြောက်ကျားစစ် ဆောင်းပါးတွင် လီနင်က ဖော်ပြရေးသားခဲ့သည်။